# ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ၊ လစဉ်အစီရင်ခံစာ

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လကုန်တွင် မြန်မာနိုင်ငံအတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်းခံထားရသူနှင့် ထောင်ပြင်ပမှ တရားရင်ဆိုင်နေရသူ စုစုပေါင်း ၅၁၃ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၄၁ ဦးအကျဉ်းကျခြင်းခံနေရပြီး တက်ကြွလှုပ်ရှားသူ ၁၇၅ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၂၉၇ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရသည်။



ဓာတ်ပုံ- လွတ်လပ်သော အာရှအသံ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ

**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

အင်တာနက်စာမျက်နှာ   တွစ်တာစာမျက်နှာ   လူမှုကွန်ရက်စာမျက်နှာ

# မာတိကာ


**နိုင်ငံရေးအကျဉ်းသားများ ........................................................................................... 3**

ဖမ်းဆီးခံရခြင်းများ ...............................................................Error! Bookmark not defined.

ပျောက်ဆုံးသွားခြင်းများ................................................................................................. 5

တရားစွဲဆိုခံရခြင်းများ ................................................................................................. 5

တရားရင်ဆိုင်ရခြင်းများ ................................................................................................. 7

ထောင်ဒဏ်ချမှတ်ခံရခြင်းများ........................................................................................ 8

ထောင်တွင်းအခြေအနေများ .........................................................................................10

ထောင်မှလွတ်မြောက်မှုများ .........................................................................................11

**နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒ ထုတ်ဖော်မှုများ ..................12**

လယ်ယာမြေအငြင်းပွားမှုများ .......................................................................................19

အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links..................................................................21

# နိုင်ငံရေးအကျဉ်းသားများ

### ဖမ်းဆီးခံရခြင်းများ

**ဒေါ်ဆိုရှေ့တောင်သူ သုံးဦးကို စစ်တပ်မှ ဖမ်းဆီး**

ဇူလိုင်လ ၂ ရက်နေ့တွင် ဒေသအခြေစိုက် တပ်မတော် အမြောက်တပ် ၃၆၀ မှ ကယားပြည်နယ်၊ ဒီမောဆို မြို့နယ်၊ ဒေါ်ဆိုရှေ့ရွာမှ တောင်သူ သုံးဦးကို တပ်မြေ ကျူးကျော်သည်ဟုဆိုကာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဒီမောဆို မြို့မရဲစခန်းသို့ ပို့ဆောင်ခဲ့သည်။ ဇူလိုင်လ ၂ ရက်နေ့တွင် ဒေါ်ဆိုရှေ့ရွာမှ တောင်သူ သုံးဦး တောင်ယာမှ ပြန်လာချိန်တွင် လက်နက် အပြည့်အစုံဖြင့် စစ်သား ကိုးဦးမှ တပ်မြေ ကျူးကျော်သည်ဟုဆိုကာ ဖမ်းဆီး ခေါ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထိုနေ့ညတွင်ပင် အဆိုပါ တောင်သူ သုံးဦးကို ခံဝန်ဖြင့် ပြန်လည် လွှတ်ပေး ခဲ့သည်။

ထို့ပြင် ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဒေါ်မူကလား ကျေးရွာတွင်လည်း တပ်သိမ်းမြေယာများကို ပြန်လည် ရယူရန် ကြိုးပမ်းခဲ့သော တောင်သူတစ်ဦးနှင့် ဖြစ်စဉ် အချက်အလက်များကို သွားရောက်မှတ်တမ်းယူခဲ့သည့် ပြည်နယ်လွှတ်တော် ကော်မတီအဖွဲ့ဝင် တစ်ဦးတို့ကို ဇွန်လ ၂၆ ရက်နေ့တွင် ရဲတပ်ဖွဲ့ဝင်များမှ ဝင်ရောက် ဖမ်းဆီးခဲ့သည်။

**AA ပြောခွင့်ရပုဂ္ဂိုလ် ခိုင်သုခ၏ ယောက်ဖတော်စပ်သူ အပါအဝင် လူသုံးဦးကို တပ်မတော် ဖမ်းဆီး**

ဇူလိုင်လ ၆ ရက်နေ့တွင် တပ်မတော်မှ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ဓာတ်တော်ကျေးရွာမှ ရက္ခိုင့်တပ်တော် (AA)၏ ပြောခွင့်ရပုဂ္ဂိုလ် ခိုင်သုခ၏ ယောက်ဖ တော်စပ်သူ ဦးမောင်ဖြူသန်း၊ ရွာထိပ်မှ ဦးစံအောင်ကျော် နှင့် ပေါက်တောမြို့နယ်မှ ဦးရဲဘော်သူတို့ကို မေးမြန်း စရာရှိသည်ဟုဆိုကာ ဖမ်းဆီး၊ခေါ်ဆောင်သွားခဲ့ပြီး အမ်းမြို့မရဲစခန်းတွင် ချုပ်နှောင်ထားသည်။

ပြီးခဲ့သည့် မေလပိုင်းတွင် တပ်မတော်မှ ကားအစီး ၂၀ ပါသော ယာဉ်တန်းသည် အမ်းမြို့နယ်အတွင်း ဖြတ်သန်း သွားစဉ် မိုင်းဆွဲ တိုက်ခိုက်ခံခဲ့ရသည်ဖြစ်စဉ် နှင့်ပတ်သက် ၍ ၎င်းတို့ကို သံသယဖြင့် ဖမ်းဆီး၊စစ်ဆေး နေခြင်း ဖြစ်သည်ဟု သိရှိရသည်။

**တအာင်းလက်နက်ကိုင်အဖွဲ့ဝင် သုံးဦးကို ဖမ်းမိဟု တပ်မတော် ထုတ်ပြန်**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ္မတူမြို့နယ်တွင် ဇူလိုင်လ ၇ ရက်နေ့၌ တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)မှ တပ်ဖွဲ့ဝင် သုံးဦးကို ဖမ်းဆီးရမိခဲ့ ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဇူလိုင်လ ၈ ရက်နေ့၌ ထုတ်ပြန်ခဲ့ သည်။ ဆန်းလွင်၊ အိုက်မုံး၊ အိုက်မိုတို့သုံးဦးကို နမ္မတူမြို့နယ်၊ နားမတ်ကျေးရွာ အနီး တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး စစ်ဆေး မေးမြန်းချက်များ အရ ၎င်းတို့ သုံးဦးသည် TNLA၏ လူသစ်စုဆောင်းခြင်း ခံရသူများဖြစ်ကြောင်း ထုတ်ပြန်ချက်၌ ဖော်ပြထား သည်။

**စင်္ကာပူမှ ပြန်ပို့ခြင်းခံခဲ့ရသည့် ရခိုင်အသင်း(စင်္ကာပူ)မှ ရခိုင်တိုင်းရင်းသား ခြောက်ဦးနှင့် အရပ်သား သုံးဦးကို ဖမ်းဆီး၊ အမှုဖွင့်**

ရက္ခိုင့်တပ်မတော်(AA)ကို ပံ့ပိုးကူညီနေသည်ဟူသော စွပ်စွဲချက်ဖြင့် စင်္ကာပူအစိုးရမှ ဖမ်းဆီး၍ မြန်မာနိုင်ငံသို့ ပြန်ပို့ခြင်းခံခဲ့ရသည့် ရခိုင်အသင်း(စင်္ကာပူ)မှ ရခိုင် တိုင်းရင်းသား ခြောက်ဦးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဇူလိုင်လ ၁၀ ရက်နေ့နှင့် ဇူလိုင်လ ၁၁ ရက်နေ့တို့တွင် အသီးသီး ဖမ်းဆီးခဲ့သည်။ ဇူလိုင်လ ၁၀ ရက်နေ့ ညပိုင်းတွင် စင်္ကာပူမှ ရန်ကုန်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာခဲ့ သည့် ရခိုင်အသင်း(စင်္ကာပူ)မှ ကိုတင်လှိုင်ဦးနှင့် အသင်း ဒုဥက္ကဋ္ဌ မဒေအးမြတ်မွန်(ခ)မေကြီးတို့ နှစ်ဦးသည် ရန်ကုန်-မန္တလေး အမြန်လမ်း တိုးဂိတ်၌ ဇူလိုင်လ ၁၁ ရက်နေ့တွင် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ၎င်းတို့နှင့်အတူ ယာဉ်မောင်း ဦးမြတ်လင်းဦးသည်လည်း ဖမ်းဆီးခြင်းခံခဲ့ရသည်။ ယာဉ်မောင်း ဦးမြတ်လင်းဦးသည် ရန်ကုန်မှ မန္တလေးသို့ လိုက်ပို့ရန် ကားငှားသဖြင့် လိုက်သွားခြင်းဖြစ်ကြောင်း ၎င်း၏ မိသားစုဝင်များမှ ပြောကြားခဲ့သည်။ နေပြည်တော် အမြန်လမ်း ရဲတပ်ဖွဲ့မှ ၎င်းတို့ သုံးဦးအား AA နှင့်ဆက်နွှယ်မှုရှိသူများ၊ ငွေစက္ကူအတု ပြုလုပ်သူများ

ဖြစ်သည်ဟု ဇူလိုင်လ ၁၃ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် သတင်းတပ်ဖွဲ့မှ ဇူလိုင်လ ၁၁ ရက်နေ့ နေ့လည်တွင် ရန်ကုန်လေဆိပ်သို့ ရောက်ရှိလာသော အသင်းဥက္ကဋ္ဌ ကိုဟိန်းဇော်ကို ထိန်းသိမ်းခဲ့ပြီး ထိုနေ့ည ၁၁ နာရီအချိန်တွင် ရန်ကုန်လေဆိပ်ကို ရောက်ရှိလာသော ကိုအောင်မြတ်ကျော်နှင့် ကိုထွန်းအေးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ တစ်ချိန်တည်းတွင်ပင် သတင်းတပ်ဖွဲ့မှ အသင်း၏ သတင်းနှင့်ပြန်ကြားရေး တာဝန်ခံ ကိုရဲကျော်ထက်ကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မအူပင်လမ်းရှိ ၎င်း၏ နေအိမ်သို့ သွားရောက် ဖမ်းဆီးခဲ့သည်။ ထိုရခိုင်တိုင်းရင်းသား ခြောက်ဦးနှင့် ယာဉ်မောင်း တစ်ဦးတို့ကို မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ကို မိသားစုဝင်များ အနေဖြင့် သိရှိရခြင်းမရှိဘဲ အဆက်အသွယ်ပြတ်နေကြောင်း သိရှိရသည်။

လက်ရှိတွင် ကိုအောင်မြတ်ကျော်၊ ကိုထွန်းအေး(ခ) မောင်ပန်၊ ကိုဟိန်းဇော်တို့ သုံးဦးကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က/ခ/ဂ)ဖြင့် လည်းကောင်း၊ မအေးမြတ်မွန်(ခ)မေကြီး၊ ကိုမြတ်လင်းဦး (ခ)ကိုလင်း၊ ကိုတင်လှိုင်ဦး၊ ကိုရဲကျော်ထက်၊ ကိုရွှေလှိုင်သန်းနှင့် ကိုအောင်မျိုးဝင်းတို့ကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(ခ/ဂ)ဖြင့် လည်းကောင်း တရားစွဲဆိုထားသည်။ ရခိုင်အသင်း(စင်္ကာပူ) ခေါင်းဆောင်များသည် AA တည်ထောင်ခြင်း ၁၀ နှစ်ပြည့်ပွဲ ကျင်းပခြင်း၊ AA စစ်ဦးစီးချုပ် ဗိုလ်ချုပ် ထွန်းမြတ်နိုင်၏ ဗီဒီယိုမိန့်ခွန်း နားထောင်ခြင်း၊ AA မှ တပ်မတော်အပေါ် တိုက်ခိုက်အနိုင်ယူခြင်း ပြဇာတ်ကပြမှုများ ပြုလုပ်ခြင်းကြောင့် စင်္ကာပူနိုင်ငံမှ ပြည်နှင်ဒဏ်ပေးခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိချိန်တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

စင်္ကာပူ CID၊ လဝကနှင့် ရဲတပ်ဖွဲ့တို့မှ ရက္ခိုင့်တပ်မတော်(AA)နှင့်ဆက်နွယ်မှုရှိသည်ဟုဆိုကာ ရခိုင်အသင်း-စင်္ကာပူ၏ ဥက္ကဋ္ဌ ကိုဟိန်းဇော်၊ ဒုဥက္ကဋ္ဌ မအေးမြတ်မွန်၊ သတင်းနှင့် ပြန်ကြားရေး တာဝန်ခံ ကိုရဲကျော်ထက်၊ ကိုတင်လှိုင်ဦးတို့ကို ဇူလိုင်လ ၆ ရက်နေ့တွင်လည်းကောင်း၊ ကိုအောင်မြတ်ကျော်နှင့် ကိုထွန်းအေးတို့ကို ဇူလိုင်လ ၇ ရက်နေ့တွင်လည်းကောင်း အသီးသီး ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခြင်းခံထားရသူများ အနက် ကိုအာင်မြတ်ကျော်သည် AA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ထွန်းမြတ်နိုင်၏ ညီအရင်းတော်စပ်သူဖြစ်သည်ဟု သိရှိရသည်။ ၎င်းတို့ခြောက်ဦးကို စင်္ကာပူနိုင်ငံမှ ပြည်နှင်ဒဏ်ပေး မည်ဟု စင်္ကာပူ ပြည်ထဲရေးဝန်ကြီးဌာနမှ ဇူလိုင်လ ၁၀ ရက်နေ့စွဲဖြင့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

## ပုဏ္ဏားကျွန်းမြို့နယ်မှ ဒေသခံနှစ်ဦးကို တပ်မတော်မှ ဖမ်းဆီးခေါ်ဆောင်သွား

ဇူလိုင်လ ၁၅ ရက်နေ့တွင် တပ်မတော် တပ်မ (၂၂)မှ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ယိုးတရုပ်ကျေးရွာမှ ဒေသခံရွာသားနှစ်ဦးဖြစ်သော ဦးထွန်းဝင်းနှင့် ဦးသန်းရွှေ တို့ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ မည်သည့် အတွက်ကြောင့် ဖမ်းဆီးသွားသည်ကို သိရှိရခြင်းမရှိသေး ပါဟု ဦးထွန်းဝင်း၏ မိခင်ဖြစ်သူ ဒေါ်စိန်ဝင်းမြူမှ ပြောကြားခဲ့သည်။ လက်ရှိတွင် ၎င်းတို့ကို ယိုးတရုပ် ကျေးရွာအနီး ရွှေမင်းစည်ဘုရားသိမ်တော်တွင် ဖမ်းဆီး ထားသည်ဟု ဒေသခံများထံမှ သိရှိရသည်။

## AA တပ်ဖွဲ့ဝင် နှစ်ဦးကို ကချင်ပြည်နယ်တွင် ဖမ်းဆီးရမိ

ဇူလိုင်လ ၂၁ ရက်နေ့တွင် ရက္ခိုင့်တပ်တော်(AA)၏ တပ်ဖွဲ့ဝင်နှစ်ဦးကို ကချင်ပြည်နယ်အတွင်း၌ ဖမ်းဆီးရမိခဲ့သည်ဟု တပ်မတော်မှ ဇူလိုင်လ ၂၂ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ ကချင်ပြည်နယ်၊ ဗိုင်းမော်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ဗန်းမော်မြို့ဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ မောင်းနှင်လာသော ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ကဒ့်ကစင်စခန်းမှ ထွက်ပြေးလာသော AA တပ်သား အဆင့်ရှိ ကိုလှအောင်ထွန်းနှင့် ကိုကျော်နိုင်စိုးတို့အား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်ဟု သတင်းထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ကျောက်တော်မြို့နယ်၊ စပါးဆိပ်ကျေးရွာမှ ဖြစ်ကြသည်။ အဆိုပါဖမ်းဆီးရမိသူများအား တရားဥပဒေအရ အရေးယူနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဟုလည်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

## မင်းပြားမြို့နယ်၊ မြင်းကဆိပ်ကျေးရွာမှ အမျိုးသမီး ရှစ်ဦးနှင့် အမျိုးသား လေးဦးကို ထိန်းသိမ်း

ဇူလိုင်လ ၂၇ ရက်နေ့တွင် တပ်မတော်မှ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ မြင်းကဆိပ်ကျေးရွာမှ မျှစ်ချိုးသွားသည့် အမျိုးသမီး ရှစ်ဦးနှင့် အမျိုးသား လေးဦးတို့ကို ထိန်းသိမ်းခဲ့သည်။ ထိန်းသိမ်းခြင်းခံထားရသော အမျိုးသမီး ရှစ်ဦးမှာ မဦးဝင်းစော၊ မရီသန်းမေ၊ မလုံး၊ မညွန့်တင်၊ မမိုးညွန့်တင်၊ မကြည်ကြည်၊ မရီသန်းမေနှင့် မလှသန်းတို့ဖြစ်ကြပြီး

အမျိုးသား လေးဦးမှာ မောင်သန်းနွဲ့၊ မောင်မျိုးနိုင်ထွန်း၊ မောင်အသန်းနှင့် မောင်ပေါက်စိတ်ကေတို့ဖြစ်ကြသည်။

**AA နှင့် ပတ်သက်ဆက်နွယ်သည်ဟုဆိုကာ အရပ်သား ၁၁ ဦးကို ဖမ်းဆီး၊ စစ်ဆေး**

ဇူလိုင်လ ၂၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ရသေ့တောင်မြို့မှ ပုဏ္ဏားကျွန်းမြို့သို့သွားသည့် ကားတစ်စီးပေါ်မှ လူငယ် ၁၀ ဦးနှင့် ယာဉ်မောင်း ဦးထွန်းမြင့်တို့ကို ဖမ်းဆီးခဲ့ကာ ပုဏ္ဏားကျွန်းမြို့မ ရဲစခန်းတွင် ထိန်းသိမ်းခဲ့သည်။ ယာဉ်မောင်း ဦးထွန်းမြင့်ဆိုသူသည် ရသေ့တောင်-ပုဏ္ဏားကျွန်း ခရီးသည်တင်ပို့ဆောင်လုပ်ငန်း လုပ်ကိုင်နေသူဖြစ်သည်။ လူငယ် ၁၀ ဦးအနက် ရှစ်ဦးသည် AA သို့ဝင်ရောက်ရန် စည်းရုံးခြင်းခံခဲ့ရမှုကြောင့် ကျောက်တော်မြို့နယ်၊ ပေါက်တော(ပလောင်)ကျေးရွာမှ လာရောက်စဉ် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်ဟု တပ်မတော်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ယင်းဖြစ်စဉ်တွင် ရသေ့တောင်မြို့နယ်၊ ပြာပင်ရင်းကျေးရွာ မှ အသက် (၁၄) နှစ်အရွယ် မောင်သိန်းသိန်းနှင့် အသက် (၁၈) နှစ်ရွယ် မောင်နေလင်းထွန်းတို့နှစ်ဦးလည်း ဖမ်းဆီးခြင်း ခံထားရသည်ဟု မိသားစုဝင်များမှ ပြောကြားခဲ့သည်။ သို့သော် ၎င်းတို့၏ "အမည်နှင့်ဓာတ်ပုံ" တို့ကိုမူ တပ်မတော်၏ ထုတ်ပြန်ချက်တွင် ဖော်ပြခြင်းမရှိပါ။ ထိုလူငယ်ရှစ်ဦးကို တရားဥပဒေအရ အရေးယူနိုင်ရေး စစ်ဆေးမေးမြန်းမှုများ ပြုလုပ်နေသည်ဟု တပ်မတော်မှ သတင်းထုတ်ပြန်ခဲ့သည်။

**RCSS အမာခံဆိုသူကို ဖမ်းဆီးစစ်ဆေးပြီး ရက်ပေါင်း၂၀ ခန့်ကြာမှ မူးယစ်ပုဒ်မဖြင့် အမှုဖွင့်**

ဇူလိုင်လ ၁၀ ရက်နေ့တွင် တပ်မတော်မှ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ မိုင်းပျဉ်းမြို့နယ်၊ ယန်းခမ်းကျေးရွာအုပ်စု၊ နမ့်တက်ကျေးရွာတွင် နေထိုင်သူ အသက် (၅၂)နှစ်အရွယ် ရှမ်းလူမျိုး ဦးနန္ဒိယကို ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS)၏ အမာခံဖြစ်သည်ဟူသော သံသယဖြင့် နမ့်တက်ကျေးရွာအနီး၌ ဖမ်းဆီးခဲ့သည်။ ဇူလိုင်လ ၂၈ ရက်နေ့ ညပိုင်းတွင် တပ်မတော်မှ ဦးနန္ဒိယကို မိုင်းပျဉ်းမြို့နယ်ရဲစခန်း၌ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားရန်အလို့ငှာ လက်ဝယ်ထားရှိမှုဖြင့် တိုင်ချက်ဖွင့်ခဲ့ကာ လာရောက်အပ်နှံခဲ့သည်ဟု မိုင်းပျဉ်းမြို့နယ် ရဲစခန်းမှူး ဒုရဲမှူးမြင့်သောင်းမှ ပြောကြားခဲ့သည်။ မိုင်းပျဉ်းနည်းဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး ဇညားဝင်းမှ ဦးစီး၍ ဦးနန္ဒိယကို ရက်ပေါင်း နှစ်ပတ်ကျော်ကြာ တပ်တွင်းအချုပ်၌ စစ်ဆေးခဲ့သည်။ ဦးနန္ဒိယသည် ဖမ်းဆီးခြင်းခံထားရသည့် ရက်ပေါင်း (၂၀) ခန့်အတွင်း နှိပ်စက်

စစ်ဆေးခြင်းခံခဲ့ ရသည့်အတွက် ၎င်း၏အသက်အန္တရာယ်ကို စိုးရိမ်မိသည်ဟု ၎င်း၏ မိသားစုဝင်တစ်ဦးမှ ပြောကြားခဲ့သည်။

- **ပျောက်ဆုံးသွားခြင်းများ**

**RCSS အဖွဲ့ဝင်များ ဖမ်းဆီး ခေါ်ဆောင်သွားသော ရွာသား နှစ်ဦး ပျောက်ဆုံး**

ဇွန်လ ၇ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ဟိုနန်းရွာမှ အသက် ၄၂ နှစ်အရွယ်ရှိ ဦးဖိုးအုန်းနှင့် သားဖြစ်သူ အသက် ၁၇ နှစ် အရွယ်ရှိ မောင်မိုင်းကျော်ငြိမ်းတို့သည် နမ့်ဆန်မြို့နယ်မှ လားရှိုးမြို့နယ်သို့ သွားရောက်စဉ် လမ်း၌ ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) အဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရပြီးနောက် ပျောက်ဆုံးသွားခဲ့သည်။ ၎င်းတို့နှစ်ဦးကို RCSS အဖွဲ့ဝင်များမှ သတ်ဖြတ်ခဲ့သည်ဟု ၎င်းတို့၏ မိသားစုဝင်များနှင့် ရပ်ရွာခေါင်းဆောင်များမှ ပြောကြားခဲ့သည်။

- **တရားစွဲဆိုခံရခြင်းများ**

**လူမှုကွန်ရက်တွင် ရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရေးသားသည့် အုပ်ချုပ်ရေးမှူးအား ၆၆(ဃ)ဖြင့် အမှုဖွင့်**

လူမှုကွန်ရက်စာမျက်နှာတွင် ရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို ကျဆင်းစေရန် ရေးသားခဲ့သည်ဟုဆိုကာ ဇူလိုင်လ ၂ ရက်နေ့တွင် ကျောက်ဆည်မြို့နယ် ရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ်မှူးမှ တရားလိုပြုလုပ်၍ ကျောက်ဆည် မြို့နယ်၊ ကြက်မင်းတွန်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဟန်မျိုးအောင်အား ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် အမှုဖွင့်ခဲ့သည်။ ဇွန်လ ၃ ရက်နေ့တွင် ဦးဟန်မျိုးအောင်သည် ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ၌ ရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို ကျဆင်းစေရန် ရေးသားခဲ့သဖြင့် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်ဟု သိရှိရသည်။

**ဆဲဗင်း ဂျူလိုင် ချီတက်ခဲ့သူ ရှစ်ဦးကို ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်**

၅၇ နှစ်မြောက် ဆဲဗင်းဂျူလိုင်(7 July)အရေးအခင်း အထိမ်းအမှတ်အဖြစ် ရန်ကုန် တက္ကသိုလ်သို့ ချီတက်ခဲ့ကြသော ကျောင်းသားရှစ်ဦးကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့်

ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခွင့် ဥပဒေ (ငြိမ်း၊စု၊စီ) ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခဲ့သည်။ ဇူလိုင်လ ၁၂ ရက်နေ့တွင် ဒဂုံတက္ကသိုလ်မှ တကသ ကျောင်းသား ကိုမင်းဟန်ထက် နှင့် တကသ ကျောင်းသားဟောင်း ကိုဇင်မင်းဖြိုးတို့ကို ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉ ဖြင့် လှိုင်မြို့နယ် ရဲစခန်းမှ လည်းကောင်း၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂအဖွဲ့မှ ကိုမင်းသွေးသစ်၊ ကိုစိုင်းသူဝဏ်၊ ကိုဝေယံဖြိုးမိုး၊ ကိုသူရလင်း၊ မအိသီရိကျော်နှင့် အပြာရဲ့ အနီ သံချပ်အဖွဲ့မှ ကဗျာဆရာ ကိုခန့်မင်းထက်တို့ ခြောက်ဦးကို ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉ ဖြင့် ကမာရွတ်မြို့နယ်ရဲစခန်းမှလည်းကောင်း အသီးသီး အမှုဖွင့်ခဲ့သည်။ ကမာရွတ်မြို့နယ်ရဲစခန်းမှ တရားစွဲဆိုခြင်းခံထား ရသော ကိုဝေယံဖြိုးမိုးနှင့် ကိုသူရလင်းတို့သည် ကမာရွတ်မြို့နယ် တရားရုံးတွင် လာရောက်၍ တရားရင်ဆိုင်ခြင်းမပြုသဖြင့် တရားရုံးမှ ၎င်းတို့ နှစ်ဦးကို ဖမ်းဝရမ်းထုတ်ခဲ့သည်။

ဇူလိုင်လ ၁၈ ရက်နေ့တွင် တကသ ကျောင်းသား ကိုမင်းဟန်ထက်နှင့် တကသ ကျောင်းသားဟောင်း ကိုဇင်မင်းဖြိုးတို့ကို လှိုင်မြို့နယ်တရားရုံး၌ ငြိမ်း၊စု၊စီ ဥပဒေ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခဲ့ပြီး ၎င်းတို့နှစ်ဦးသည် အာမခံယူခြင်းမရှိသည့်အတွက် အင်းစိန်ထောင်သို့ ပို့ဆောင်ခြင်းခံခဲ့ရသည်။

## ဒါရိုက်တာ မင်းထင်ကိုကိုကြီးကို နိုင်ငံတော် အကြည်ညိုပျက်စေမှုဖြင့် စွဲချက်တင် အမိန့်ချ

ဇူလိုင်လ ၁၈ ရက်နေ့တွင် အင်းစိန်မြို့နယ်တရားရုံးမှ ဒါရိုက်တာ မင်းထင်ကိုကိုကြီးကို နိုင်ငံတော် အကြည်ညိုပျက်စေမှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(က)ဖြင့် စွဲချက်တင် အမိန့် ချမှတ်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ မတ်လ ၂၂ ရက်နေ့အတွင်း ဒါရိုက်တာမင်းထင်ကိုကိုကြီး၏ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးတင်ခဲ့သည့် စာသားများအနက်မှ စာသား ၁၀ ခုသည် တပ်မတော်၏ ဂုဏ်သိက္ခာအား ထိခိုက်စေသည်ဟုဆိုကာ မတ်လ ၂၉ ရက်နေ့တွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒု ဗိုလ်မှူးကြီး လင်းထွန်းမှ တရားလိုပြုလုပ်၍ ဒါရိုက်တာ မင်းထင်ကိုကိုကြီးကို တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

## သိမ်းဆည်းမြေတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည့် တောင်သူများကို တပ်မှ တရားစွဲ

မွန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဖောင်းတော် မြေနီဒေသမှ တောင်သူများ ဓားမဦးချ စိုက်ပျိုးလုပ်ကိုင် နေသည့် မြေများကို ကော်ဖီစီမံကိန်းအတွက်ဟုဆိုကာ တပ်မတော်အရာရှိများကို ချထားပေးခဲ့သော်လည်း လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိ၍ ဝင်ရောက်စိုက်ပျိုးလုပ်ကိုင်ခဲ့သည့် တောင်သူများကို တပ်မတော်မှ အမှုဖွင့် တရားစွဲဆိုခဲ့သည်။ တပ်မတော်မှ တောင်သူ ရှစ်ဦးကို ရာဇသတ်ကြီးပုဒ်မ ၄၂၇၊ ၄၄၇ တို့ဖြင့် ပြီးခဲ့သည့် ရက်ပိုင်း၌ တရားစွဲဆိုခဲ့သည်ဟု မြေသိမ်းခြင်းခံရသူ တောင်သူ ဦးလှနွယ်မှ ဇူလိုင်လ ၂၄ ရက်နေ့တွင် မန္တလေးမြို့၊ မီဒီယာစင်တာ၌ ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ ဖောင်းတော် စံပြကျေးရွာအတွင်းရှိ ၈၀ တစ်ရာရှိသည့် မြေများကို ကော်ဖီစီမံကိန်း အကောင်အထည်ဖော်ရန်အတွက် ဟုဆိုကာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် တောင်သူများကို အကြောင်းကြားစာ ပေးပို့၍ သိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း တောင်သူများမှ ပြောကြားခဲ့သည်။

## လွှတ်တော်အမတ်မှ ဒေသခံမဲဆန္ဒရှင်နှစ်ဦးကို အမှုဖွင့်

လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများတွင် လွှတ်တော်အမတ်မှ စွက်ဖက်သည်ဟုဆိုကာ ဆန္ဒထုတ်ဖော်ခဲ့သည့်အတွက် ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ အမှတ်(၂) မဲဆန္ဒနယ်၊ တိုင်းလွှတ်တော်အမတ် ဦးတင်ဆန်းဦးမှ ဦးဆောင် ဆန္ဒထုတ်ဖော်ခဲ့သူ နှစ်ဦးဖြစ်သော ဦးလှသက် နှင့် ဦးညွန့်တင်တို့ကို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ ပုဒ်မ ၁၀ ဖြင့် နတ်သံကွင်းနယ်မြေရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။ ဇူလိုင်လ ၂၃ ရက်နေ့တွင် ကျောက်ကြီး မြို့၊ နတ်သံကွင်းဒေသခံ ၁၃ ဦးခန့်မှ လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းများတွင် လွှတ်တော်အမတ်မှ စွက်ဖက်သည်ကို အလိုမရှိကြောင်း ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

## ရွှေကျင် လွှတ်တော်ကိုယ်စားလှယ် နုတ်ထွက်ပေးရန် ဆန္ဒထုတ်ဖော်သူများကို အမှုဖွင့်

ပဲခူးတိုင်းဒေသကြီး။ ရွှေကျင်မြို့နယ်တွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်း နုတ်ထွက် ပေးရန်နှင့် တရားဥပဒေ စိုးမိုးမှုရရှိစေရန် ဦးဆောင် ဆန္ဒထုတ်ဖော်ခဲ့ခြင်းအတွက် ဦးဆောင်ဆန္ဒထုတ်ဖော်ခဲ့သူ နှစ်ဦးဖြစ်သော ကိုရန်နိုင်အောင်၊ ကိုရာဇာနှင့် အမည်မသိ ပုဂ္ဂိုလ်တစ်ဦးတို့ကို လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းမှ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ ပုဒ်မ ၁၀ ဖြင့် ရွှေကျင်မြို့မရဲစခန်းတွင် အမှုဖွင့်ခဲ့ သည်။ ဇူလိုင်လ ၂၅ ရက်နေ့တွင် လူအင်အား ၁၀၀ ခန့် ဖြင့် ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်သည်။

### INGO ဝန်ထမ်းတစ်ဦး သေနတ်နှင့် ပစ်ခတ်ခြင်း ခံခဲ့ရပြီးနောက် အမှုဖွင့်ခြင်းခံရ

ဇူလိုင်လ ၂၈ ရက်နေ့တွင် မင်းပြားမြို့နယ်၊ ရွှေတမာ ကျေးရွာမှ Plan International အဖွဲ့၏ ဝန်ထမ်း တစ်ဦးဖြစ်သူ ကိုရဲလင်းနိုင်သည် ရခိုင်ပြည်နယ်၊ မြောက်ဦး မြို့ ကျောက်ရစ်ကေရပ်ကွက်တွင် ဆိုင်ကယ်ဖြင့် သွားလာ နေစဉ် တပ်မတော်မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျည်ဆန်ထိမှန်ခဲ့ကာ စစ်တွေဆေးရုံကြီး၌ အရေးပေါ် ဆေးကုသမှု ခံယူနေရသည်။ ဇူလိုင်လ ၂၉ ရက်နေ့ နံနက်တွင် ကိုရဲလင်းနိုင်ကို စစ်တွေဆေးရုံကြီးသို့ ပို့ဆောင်ခြင်းမပြုမီ တပ်မတော်မှ ရဲတပ်ဖွဲ့၊ တရားသူကြီး များကို ဆေးရုံသို့ခေါ်ယူ၍ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်ခဲ့သည်ဟု ၎င်း၏မိသားစုမှ ပြောကြားခဲ့ သည်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီး ဗိုလ်မှူးကြီး ဝင်းဇော်ဦးမှ ဆိုင်ကယ်ရပ်ခိုင်းသည်ကို မရပ် သည့်အတွက် ခြောက်လှန့် ပစ်ခတ်ရာမှ ထိမှန်သွားခြင်း ဖြစ်သည်ဟု ပြောကြားခဲ့သည့်ပြင် ကိုရဲလင်းနိုင်ထံတွင် လက်ပစ်ဗုံးကို တွေ့ရှိသည့်အတွက် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူခြင်းဖြစ်သည်ဟု ပြောဆိုခဲ့သည်။

### ကျောက်ဖြူမှ လူငယ်တစ်ဦးကို အီလက်ထရောနစ် ဥပဒေဖြင့် တပ်မတော်မှ အမှုဖွင့်

"ဂျပန်ခေတ်က ရခိုင်သားချေ" အမည်ဖြင့် လူမှုကွန်ရက် စာမျက်နှာတွင် တပ်မတော်(ရေ)၏ လုံခြုံရေး အား ရေးသားခဲ့သည်ဟုဆိုကာ ညေဝတီရေတပ်စခန်း ဌာနချုပ်မှ ဗိုလ်ကြီးပြည့်ဖြိုးအောင်မှ တရားလိုပြုလုပ်၍ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ စစ်တောကျေးရွာမှ မောင်တင်ချမ်းကို အီလက်ထရောနစ်ဥပဒေ ပုဒ်မ ၃၃(ခ) ဖြင့် အမှုဖွင့်ခဲ့သည်။ လက်ရှိတွင် ထိုအမှုကို ကျောက်ဖြူ မြို့မရဲစခန်းတွင် စစ်ဆေးလျှက်ရှိသည်။

## ► တရားရင်ဆိုင်ရခြင်းများ

### အေအေနှင့်ဆက်နွယ်မှု သံသယဖြင့် ဖမ်းဆီး စစ်ဆေးခြင်းခံနေရသူ ၅၆ ဦးကို စစ်တွေတွင် ရုံးထုတ်

ဇူလိုင်လ ၁၈ ရက်နေ့တွင် ရက္ခိုင့်တပ်မတော် (AA) နှင့်ဆက်နွယ်သည်ဟူသောသံသယဖြင့် ဖမ်းဆီး စစ်ဆေး ခြင်းခံနေရသူ ၅၆ ဦးကို ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ် တရားရုံး၌ ရုံးထုတ်ခဲ့သည်။ ရုံးထုတ်ခဲ့သူ ၅၆ ဦးသည် မြောက်ဦးမြို့နယ်၊ လက္ကာကျေးရွာမှ ၂၃ ဦး၊ အောက်သားကန်ကျေးရွာမှ ငါးဦး၊ ချောင်းနား ဘုရားကြီး ကျေးရွာ၊ ချောင်းသစ်ကျေးရွာနှင့် ကျောင်းတောင်ကျေးရွာ တို့မှ ၁၃ ဦး၊ ကျောက်တော်မြို့နယ်၊ ရွှေပြည်ကျေးရွာမှ တစ်ဦးနှင့် မင်းသားတောင်ကျေးရွာမှ လေးဦး၊ မင်းပြား မြို့နယ်မှ သုံးဦး၊ ပုဏ္ဏားကျွန်းမြို့နယ်မှ တစ်ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် မြောက်ဦးမြို့နယ်တို့မှ လူဝတ်လဲ ခြင်းခံထားရသော သံဃာတော် နှစ်ပါး၊ ပေါက်တောမြို့မှ တစ်ဦး၊ ရသေ့တောင်မြို့နယ်မှ တစ်ဦး၊ စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်မှ နှစ်ဦးတို့ ဖြစ်ကြသည်။

### ရဲတပ်ဖွဲ့မှ တရားစွဲထားသည့် မနီလာသိန်းအပါအဝင် လေးဦးကို တရားရုံးမှ အာမခံပေး

ဇူလိုင်လ ၂၃ ရက်နေ့တွင် ဗိုလ်တထောင်မြို့နယ် တရားရုံးမှ ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့ဝင်များ၏ ရုံးချိန်း တွင် ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သည့်အတွက် တရားစွဲဆို ခြင်းခံခဲ့ရသည့် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်းမှ မနီလာသိန်း၊ မရှားယမုံ၊ ကိုနန်းလင်းနှင့် ကိုနိုင်ကိုသူတို့ လေးဦးကို စွဲချက်တင်ခဲ့ပြီး ငွေကျပ် သိန်းနှစ်ဆယ်စီဖြင့် အာမခံပေးခဲ့သည်။ ဗိုလ်တထောင် မြို့နယ်ရဲတပ်ဖွဲ့မှ တရားလိုပြုလုပ်၍ ၎င်းတို့ လေးဦးအပြင် အင်းစိန်အကျဉ်းထောင်တွင် ဖမ်းဆီးခြင်းခံထားရသည့် ကိုမင်းဟန်ထက်တို့ကို ရာဇသတ်ကြီးပုဒ်မ ၃၃၂၊ ပုဒ်မ ၃၅၃ တို့ဖြင့် တရားစွဲထားသည်။

### အောင်သပြေပဋိပက္ခဖြစ်စဉ်တွင် ပါဝင်သည်ဟုဆိုကာ ဖမ်းဆီးခြင်းခံထားရသော မောင်တူးဝေယံကို ကလေး သူငယ် တရားရုံးတွင် စစ်ဆေး၍ လူငယ်ထိန်းသိမ်းရေး ကျောင်းတွင် ထိန်းသိမ်းရန် ဆုံးဖြတ်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်သပြေ ကျေးရွာအနီးရှိ ကျောက်မီးသွေး စွမ်းအင်သုံး ဘိလပ်မြေ စက်ရုံ စီမံကိန်း ပဋိပက္ခဖြစ်စဉ်တွင် ပါဝင်သည်ဟုဆိုကာ ဖမ်းဆီးခြင်းခံထားရသော ကိုးတန်း ကျောင်းသား မောင်တူးဝေယံကို ဇူလိုင်လ ၂၅ ရက်နေ့တွင် ရုံးထုတ် စစ်ဆေးခဲ့သည်။ ပုသိမ်ကြီးမြို့နယ် တရားရုံးမှ မောင်တူးဝေယံကို ကလေးသူငယ် တရားရုံးတွင်သာ စစ်ဆေးပြီး၊ လူငယ် ထိန်းသိမ်းရေးကျောင်းတွင် ထိန်းသိမ်းရန် ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် မောင်တူးဝေယံကို မန္တလေးမြို့ရှိ လူငယ်ထိန်းသိမ်းရေး သင်တန်းကျောင်းသို့ ပို့ဆောင်ခဲ့သည်။ မောင်တူးဝေယံ သည် ရာဇသတ်ကြီး ပုဒ်မ ၃၃၂၊ ၃၃၃၊ ၁၁၄ တို့ဖြင့် အမှုဖွင့်တရားစွဲဆိုခြင်းကို ခံထားရသည်။ မေလ ၂၄

ရက်နေ့တွင် ၎င်းသည် ကျောင်းသုံးပစ္စည်းများ သွားရောက်ဝယ်ယူစဉ် ရဲတပ်ဖွဲ့မှ အရပ်ဝတ်များဖြင့် ဖမ်းဆီး ထိန်းသိမ်းခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။

### ▶ ထောင်ဒဏ်ချမှတ်ခံရခြင်းများ

### Myanmar Now အယ်ဒီတာချုပ် ကိုဆွေဝင်း၏အမှုကို မြို့နယ်တရားရုံးမှ ပလပ်

ဇူလိုင်လ ၂ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်တရားရုံးမှ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲဆိုခြင်းခံထားရသည့် Myanmar Now သတင်းဌာန၏ အယ်ဒီတာချုပ် ကိုဆွေဝင်း၏အမှုကို ပလပ်ခဲ့သည်။ ကိုဆွေဝင်း၏ ရှေ့နေဖြစ်သူမှ တရားလိုသည် စွဲဆိုထားသည့် ပုဒ်မနှင့် ငြိစွန်းသည်ဟုဆိုကာ သက်သေပြရန် ပျက်ကွက်ခဲ့ခြင်းကြောင့် ရုံးတော်မှ ပယ်ချခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ကိုဆွေဝင်းသည် ဦးဝီရသူ ပါရာဇိကကျနေပြီဟု မန္တလေးမှ ဆရာတော်တစ်ပါး၏ ပြောသည့်စကားကို ကိုးကားရေးသားခဲ့ပြီး ၎င်း၏ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် တင်ခဲ့ခြင်းအတွက် ဦးဝီရသူ၏မိန့်ကြားချက်ဖြင့် ဝံသာနုအားမာန်အဖွဲ့ဝင် ဦးကျော်မျိုးရွှေမှ ကိုဆွေဝင်းကို ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) ဖြင့် အမှတ် (၇) နယ်မြေခံ ရဲစခန်းတွင် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

မြို့နယ်တရားရုံးမှ အမှုကို ပလပ်ခဲ့သော်လည်း ခရိုင်၊ တိုင်းနှင့် ဗဟိုအထိ အယူခံ ဆက်တက်သွားမည်ဟု တရားလိုဖြစ်သည့် ကိုကျော်မျိုးရွှေမှ ပြောကြားခဲ့သည်။

### ပြည်သူပိုင်လမ်းပေါ် ကျူးကျော်သည်ဟု စွပ်စွဲခြင်းခံရကာ တရားစွဲခြင်းခံခဲ့ရသော တောင်သူသုံးဦးကို အလုပ်နှင့် ထောင်ဒဏ် ၁၄ လချ

ဇူလိုင်လ ၂ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တရားရုံးမှ ပုသိမ်ကြီးမြို့နယ်၊ အောင်သပြေကျေးရွာမှ တောင်သူ ဒေါ်မြမြ၊ ဦးသန်းပိုင်နှင့် သရက်ကိုင်းကျေးရွာနေ ဒေါ်မြတို့ကို လမ်းတံတားဥပဒေ ပုဒ်မ ၂၂၊ ၂၃ တို့ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၄ လ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ လမ်းတံတားဥပဒေ ပုဒ်မ ၂၂ အရ အလုပ်နှင့် ထောင်ဒဏ် တစ်နှစ်နှင့် လမ်းတံတားဥပဒေ ပုဒ်မ ၂၃ အရ အလုပ်နှင့် ထောင်ဒဏ်နှစ်လ ချမှတ်ခဲ့ပြီး အဆိုပါ ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ပြည်သူပိုင် လမ်းပေါ် ကျူးကျော်သည်ဆိုကာ လမ်းတံတား ဦးစီးဌာနမှ တရားလို ပြုလုပ်၍ ၎င်းတို့သုံးဦးကို ၂၀၁၈ ခုနှစ်တွင် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့သည် တစ်နှစ်ခန့်ကြာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး ထောင်ဒဏ် ၁၄ လ အမိန့်ချမှတ်ခြင်းခံခဲ့ရသဖြင့် သုံးလခန့် ပြစ်ဒဏ်ကျခံရဦးမည် ဖြစ်သည်။

### ပေါင်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကို ဝေဖန်ခဲ့သူအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်နှစ်ချမှတ်

လူမှုကွန်ရက်စာမျက်နှာ၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ဝေဖန်ရေးသားခဲ့သည့်အတွက် ဇူလိုင်လ ၁ ရက်နေ့တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ် တရားရုံးမှ မုတ္တမမြို့၊ ကော့စိုင်ရပ်ကွက်နေ ဦးအောင်ဆန်းဦး(ပြည်သူ့ အကျိုးပြု တက်ကြွလှုပ်ရှားသူ) ကို ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် အလုပ်ကြမ်း နှင့် ထောင်ဒဏ် နှစ်နှစ် ချမှတ်ခဲ့ သည်။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် ဦးအောင်ဆန်းဦးသည် ၎င်း၏ Lar Htar Kay လူမှုကွန်ရက်စာမျက်နှာတွင် ဦးဇော်ဇော်ထူးကို ဂုဏ်သိက္ခာကျဆင်းအသရေပျက်စေရန် ရေးသားခဲ့သည့်အတွက် အမှုဖွင့်တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း ပေါင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူးမှ ပြောကြားခဲ့သည်။ ဦးအောင်ဆန်းဦးအနေဖြင့် ယခုကဲ့သို့ ထောင်ဒဏ်ချမှတ်ခံရခြင်းအပေါ် အယူခံအဆင့်ဆင့် တက်၍ တရားမျှတမှုရရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ပြောကြားခဲ့သည်။

### AA နှင့်ဆက်နွယ်မှု သံသယဖြင့် အမှုရင်ဆိုင်ခဲ့ရသည့် ကျောက်တော်ဒေသခံတစ်ဦး ပြန်လည်လွတ်မြောက်

ရက္ခိုင့်တပ်တော်(AA)နှင့်ဆက်နွယ်မှုရှိသည်ဟုဆိုကာ မတရားအသင်းဆက်သွယ်မှုအက်ဥပဒေ ပုဒ်မ ၁၇(၁)(၂) ဖြင့် တရားရင်ဆိုင်ခဲ့ရသည့် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ သရက်တပင်ကျေးရွာသား မောင်ချမ်းအေးသည် ဇူလိုင်လ ၁၁ ရက်နေ့တွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ ကျောက်တော်မြို့နယ် တရားရုံးမှ စွဲချက်တင်ရန် လုံလောက်သည့် သက်သေအထောက်အထားများ မတွေ့ရှိရသဖြင့် စွဲချက်မတင်ဘဲ တရားရှင်အဖြစ် လွှတ်လိုက်ခြင်းဟု ၎င်း၏အမှုကို လိုက်ပါ ဆောင်ရွက်ပေးနေသူ အထက်တန်းရှေ့နေ ဦးထွန်းလှမှ ပြောကြားခဲ့သည်။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် မောင်ချမ်းအေး အပါအဝင် သရက်တပင်ကျေးရွာသားတစ်ဦးနှင့် မဟာမုနိ ကျေးရွာသား နှစ်ဦးတို့ကို ကျောက်တော်မြို့မ ရဲစခန်းမှ ဖမ်းဆီးခဲ့သည်။ ၎င်းတို့အနက်မှ နှစ်ဦးသည် မတ်လအတွင်းတွင်

လွှတ်ပြောက်သွားခဲ့ပြီးနောက် ယခု နောက်ထပ် သရက်တပင်ရွာသားတစ်ဦး ထပ်မံ လွှတ်မြောက်လာခဲ့ခြင်း ဖြစ်သည်။ လက်ရှိတွင် မဟာမုနိကျေးရွာမှ ကိုအေးကျော်သန်းဆိုသူ တစ်ဦးသာ ကျန်ခဲ့ပြီး ၎င်းသည် မတရားအသင်းဆက်သွယ်မှုအက်ဥပဒေ ပုဒ်မ ၁၇(၁)ဖြင့် စွဲချက်တင်ခံထားရကြောင်း ရှေ့နေဦးထွန်းလှမှ ပြောကြားခဲ့သည်။ ၎င်းတို့ကို တပ်မတော်တပ်ရင်းတစ်ခုမှ ဗိုလ်ကြီးကောင်းမြတ်သူမှ တရားလိုပြုလုပ်၍ ကျောက်တော်မြို့နယ် တရားရုံး၌ တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

## အောင်သပြေကျေးရွာသား တစ်ဦးကို ပုသိမ်ကြီးမြို့နယ် တရားရုံးမှ ထောင်ဒဏ် သုံးလ ချမှတ်

ဇူလိုင်လ ၁၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တရားရုံးမှ ပုသိမ်ကြီးမြို့နယ်၊ အောင်သပြေကျေးရွာ အနီး တည်ဆောက်လျက်ရှိသည့် ကျောက်မီးသွေးစွမ်းအင်သုံး ဘိလပ်မြေစက်ရုံစီမံကိန်းကို ကန့်ကွက်ဆန္ဒထုတ်ဖော်ခဲ့မှုကြောင့် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်(ငြိမ်း၊စု၊စီ)ဥပဒေ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခြင်း ခံထားရသည့် အောင်သပြေကျေးရွာသား ကိုကျော်ဇေယျကို ထောင်ဒဏ် သုံးလ ချမှတ်ခဲ့သည်။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် ကျောက်မီးသွေး စွမ်းအင်သုံး ဘိလပ်မြေစက်ရုံ စီမံကိန်းကို ဖျက်သိမ်းပေးရန်အတွက် ဒေသခံများမှ စုဝေး၍ ဆန္ဒထုတ်ဖော်ခဲ့သည်။ ထို့ကြောင့် ပုသိမ်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညွန့်သန်း(ကွန်လွန်)မှ တရားလိုပြုလုပ်၍ ကိုကျော်ဇေယျအပါအဝင် လေးဦးကို ငြိမ်း၊စု၊စီ ဥပဒေပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ သို့သော် ကျန်သုံးဦးသည် ဖမ်းဝရမ်းထုတ်ခြင်းခံထားရသဖြင့် ထွက်ပြေးတိမ်းရှောင်လျှက်ရှိပြီး ကိုကျော်ဇေယျ တစ်ဦးကိုသာ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတစ်ဦးတည်းကိုသာ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကာ ကျန်သုံးဦးကို သီးခြားအမိန့်ချမှတ်မည်ဖြစ်သည်။ ထို့ပြင် မေလတွင်းဖြစ်ပွားခဲ့သည့် ကျောက်မီးသွေး စွမ်းအင်သုံး ဘိလပ်မြေစက်ရုံစီမံကိန်း ပဋိပက္ခဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့သည်ဟုဆိုကာ ရဲတပ်ဖွဲ့နှင့် ကုမ္ပဏီဘက်မှ ကိုကျော်ဇေယျကို ရာဇသတ်ကြီးပုဒ်မ ၃၃၃၊ ၁၁၄၊ ၄၄၀ ၄၃၅၊ ၄၃၆ တို့ဖြင့် ထပ်မံတရားစွဲဆိုခဲ့သည်။ ကျောက်မီးသွေး စွမ်းအင်သုံး ဘိလပ်မြေစက်ရုံစီမံကိန်း ပဋိပက္ခဖြစ်စဉ်နှင့်ပတ်သက်၍ ဖမ်းဝရမ်းထုတ်ခြင်းခံထားရသည့် ကိုကျော်ဇေယျကို ရဲတပ်ဖွဲ့မှ ဇူလိုင်လ ၁၄ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။

## MDCF အဖွဲ့ဝင်တစ်ဦးနှင့် ဝန်းရံသူ နှစ်ဦးကို ပြစ်ဒဏ် အသီးသီးချမှတ်

ဇူလိုင်လ ၁၇ ရက်နေ့တွင် ရန်ကင်းမြို့နယ်တရားရုံးမှ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေးနှင့် ပြည်ထဲရေးဝန်ကြီးကို အလိုမရှိကြောင်း ဆန္ဒထုတ်ဖော်ခဲ့သည့် ဒီမိုကရေစီရေးစဉ်ဆက်မပြတ် လှုပ်ရှားမှုအဖွဲ့ဝင် (MDCF) ကိုကျော်ဇင်လတ်ကို ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်နှစ်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခွင့် (ငြိမ်း၊စု၊စီ)ဥပဒေ ပုဒ်မ ၂၀ ဖြင့် ငွေဒဏ် တစ်သောင်း ပေးဆောင်ရန်နှင့် မပေးဆောင်ပါက ထောင်ဒဏ် ခုနှစ်ရက် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ကိုကျော်ဇင်လတ်သည် ငွေဒဏ် တစ်သောင်းပေးဆောင်ခြင်းမရှိသဖြင့် စုစုပေါင်း ထောင်ဒဏ် နှစ်နှစ်နှင့် ခုနစ်ရက် ကျခံရမည် ဖြစ်သည်။ ထို့ပြင် တရားသူကြီးမှ ချုပ်ရက်များကိုလည်း ထုတ်နှုတ်ခံစားခွင့်ပြုခဲ့သည်။ ထို့ပြင် ထိုဆန္ဒထုတ်ဖော်ပွဲတွင် ကိုကျော်ဇင်လတ်ကို ဝန်းရံခဲ့သည့် နိုင်ငံရေးအကျဉ်းသားဟောင်း ဦးမောင်စိန်နှင့် ဒေါ်ချိုတို့ကိုလည်း ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၂၀ ဖြင့် ငွေဒဏ် တစ်သောင်းကျပ်စီ ပေးဆောင်ရန် သို့မဟုတ် ထောင်ဒဏ် ခုနစ်ရက်စီ ကျခံရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ကြောင့် ဦးမောင်စိန်နှင့် ဒေါ်ချိုတို့သည် ငွေဒဏ်ပေးဆောင်ခဲ့သည်။ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကိုကျော်ဇင်လတ်သည် ဆန္ဒထုတ်ဖော်နေစဉ် ရဲတပ်ဖွဲ့၏ အင်အားသုံး ဖမ်းဆီးခြင်းကို ခံခဲ့ရ ပြီး ဝန်းရံသူ နှစ်ဦးမှာ အာမခံဖြင့် အမှုရင်ဆိုင်ခဲ့ရသည်။

## ဦးစိန္တိတကို တပ်မတော် တရားစွဲဆိုမှု တရားရုံးမှ ပယ်ချ

ဇူလိုင်လ ၂၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တရားရုံးမှ ပြည်ကြီးတံခွန်မြို့နယ်၊ မလိခဝါဆို ကျောင်းတိုက် ဆရာတော် ဦးစိန္တိတကို တရားစွဲဆိုရန် တပ်မတော်မှ လျှောက်ထားမှုကို ပယ်ချခဲ့သည်။ ဆရာတော် ဦးစိန္တိတသည် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် တပ်မတော်ကိုအကြည်ညိုပျက်စေရန် ရေးသားခဲ့သည့်အတွက် အရေးယူပေးရန် ဒုဗိုလ်မှူးကြီး သန့်ဇော်ဦးမှ တိုင်တန်းခဲ့ခြင်းဖြစ်သည်။ ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆(ဃ)သည် ရဲအရေးပိုင် သည့်အတွက် ရဲကိုတိုင်ရမည်ဖြစ်သည့်အပြင် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိခြင်းမရှိသောကြောင့် ပယ်ချခဲ့ခြင်း ဖြစ်သည်ဟု ပြည်ကြီးတံခွန်မြို့နယ်တရားရုံး သတင်းပြန်ကြားရေး အရာရှိ ဦးအောင်ကျော်ဦးမှ ပြောကြားခဲ့သည်။

### [စစ်ဘေးဒုက္ခသည်များအတွက် အလှူခံသူ ရှစ်ဦးကို ပြစ်ဒဏ်ချမှတ်]

ရခိုင်ပြည်နယ်ရှိ စစ်ဘေးဒုက္ခသည်စခန်းများမှ ဒုက္ခသည်များကို ကူညီရန် စစ်တွေမြို့တွင် ခွင့်ပြုချက်မရှိဘဲ အလှူခံခဲ့သည့်အတွက် ဇူလိုင်လ ၂၂ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တရားရုံးမှ ရခိုင်အလင်းတံခါး ကူညီစောင့်ရှောက်ရေးအဖွဲ့မှ ဒုဥက္ကဋ္ဌ အပါအဝင် ရှစ်ဦးကို ရာဇသတ်ကြီးပုဒ်မ ၁၈၈ ဖြင့် တစ်ဦးလျှင် ငွေဒဏ်နှစ်သောင်းကျပ်စီ ပေးဆောင်စေရန် အမိန့် ချမှတ်ခဲ့သည်။ စစ်တွေမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ရွှေမှ တရားလိုပြုလုပ်၍ ၎င်းတို့ကို ခွင့်ပြုချက်မရှိဘဲ အလှူငွေကောက်ခံသည်ဟုဆိုကာ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ဇူလိုင်လ ၂၀ ရက်နေ့တွင် ရဲတပ်ဖွဲ့မှ ၎င်းတို့ကို စစ်တွေမြို့ အမှတ် (၁) ရဲစခန်း၌ ခေါ်ယူစစ်ဆေးခဲ့သည်။ ရခိုင်ပြည်နယ်တွင် အလှူခံမှုများ ပြုလုပ်မည်ဆိုလျှင် မြို့နယ်အုပ်ချုပ်ရေးမှူးထံတွင် ခွင့်ပြုမိန့်တောင်းခံရမည်ဟု ဒေသန္တရအမိန့် ထုတ်ပြန်ထားသည်။

### [မတရားအသင်းဆက်သွယ်မှုပုဒ်မဖြင့် အမှုရင်ဆိုင်နေရသူ နှစ်ဦးကို စွဲချက်မတင်ဘဲ လွှတ်ပေးရန် အမိန့်ချမှတ်]

ဇူလိုင်လ ၃၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်တရားရုံးမှ ရက္ခိုင့်တပ်တော်(AA) နှင့်ဆက်နွယ်သည်ဟု စွပ်စွဲကာ မတရားအသင်းဆက်သွယ်မှုဥပဒေ ပုဒ်မ ၁၇(၁) ဖြင့် အမှုရင်ဆိုင်နေရသူနှစ်ဦးဖြစ်သော ရသေ့တောင်မြို့နယ်၊ ကြိမ်သာကျေးရွာက ဦးစိန်သာကျော်နှင့် ဦးမောင်စိန်ဦးတို့ကို စွဲချက်မတင်ဘဲ လွှတ်ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ၎င်းတို့နှစ်ဦးတွင် ပြစ်မှုကျူးလွန်သည်ဟု စွဲချက်တင်ရန် လုံလောက်သည့် သက်သေအထောက်အထားများ မတွေ့ရသဖြင့် အမှုကို "မှားယွင်းမှု" ဟုသတ်မှတ်ပြီး စွဲချက်မတင်ဘဲ လွှတ်ပေးခဲ့ခြင်းဖြစ်သည်ဟု ယင်းအမှုကို လိုက်ပါဆောင်ရွက်ပေးနေသည့် တရားလွှတ်တော်ရှေ့နေ ဒေါ်အေးနုစိန်မှ ပြောကြားခဲ့သည်။ ၎င်းတို့နှစ်ဦးထံမှ သိမ်းဆည်းခဲ့သော လက်ကိုင်ဖုန်းသုံးလုံးကိုလည်း ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့ကြောင်း ၎င်းမှ ဆက်လက်ဆိုသည်။

ဇန်နဝါရီလအတွင်းတွင် ၎င်းတို့နှစ်ဦးကို ကြိမ်သာကျေးရွာအရှေ့ဘက်တောင်တန်းတွင် တပ်မတော်နှင့် AA တို့ တိုက်ပွဲဖြစ်ပွားအမှုအပြီး တပ်မတော်မှ ဖမ်းဆီးခဲ့ခြင်းဖြစ်ကာ နယ်ခြားစောင့်တပ်ဖွဲ့မှ ဗိုလ်မှူး ပိုင်စိုးခိုင်က တရားလိုပြုလုပ်ကာ ရသေ့တောင်မြို့နယ် တရားရုံးတွင် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

## ► ထောင်တွင်းအခြေအနေများ

### [ရွှေဘိုအကျဉ်းထောင်တွင် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးရန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အကြံပြု]

ရွှေဘိုအကျဉ်းထောင်ရှိ အကျဉ်းသားများသည် လေးရက်တစ်ကြိမ်သာ ရေချိုးခွင့်ရပြီး ကျန်းမာရေးတာဝန်ရှိသူများ၏ ကျန်းမာရေး စောင့်ရှောက်ပေးမှုသည်လည်း အားနည်းနေကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်(MNHRC)မှ ဇူလိုင်လ ၁၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ဇွန်လ ၁၇ ရက်နေ့တွင် MNHRC မှ တာဝန်ရှိသူများသည် ရွှေဘိုအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့ပြီး လေ့လာတွေ့ရှိချက်များကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ရွှေဘိုအကျဉ်းထောင်ရှိ ပြစ်ဒဏ်တိုက်များတွင်ရှိသော အကျဉ်းသား၊အကျဉ်းသူများသည် လေးရက်တစ်ကြိမ်သာ ရေချိုးခွင့်ရသဖြင့် နေ့စဉ်ရေချိုးခွင့်ပေးရန် MNHRC မှ အကြံပြုခဲ့သည်။ အကျဉ်းသားများ ကျန်းမာရေး ထိခိုက်မှုမရှိစေရန် သစ်သားကွပ်ပျစ်ခင်းများခင်းပေးရန်လည်း ထုတ်ပြန်ချက်တွင် အကြံပြုထားသည်။ ထို့ပြင် အကျဉ်းသားများကို ယခုထက် ပိုမို၍ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး ကျန်းမာရေးတာဝန်ရှိသူများအား တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများမှ ကြပ်မတ်သင့်ကြောင်း MNHRC မှ ဆိုသည်။ အကျဉ်းသား အိပ်ဆောင်များတွင် ဖယောင်းပုဆိုးများ စုတ်ပြဲနေသဖြင့် အသစ်လဲလှယ်ပေးသင့်ကြောင်းနှင့် အမျိုးသမီးဆောင်တိုက်ခန်းများတွင် ခြင်ကိုက်မှုများသဖြင့် ခြင်ဆေးဖျန်း ပေးသင့်ကြောင်း အကြံပြုထားသည်။ ထိုလေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့ခဲ့ကြောင်း MNHRC မှ ဆိုသည်။

### [ရင်းပြိမ်ကုန်ထုတ်စခန်းမှ အကျဉ်းသား တစ်ဦး ကျောက်တောင်ပေါ်မှ ပြုတ်ကျသေဆုံး]

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ပန်းကုန်းကျေးရွာ၊ ရင်းပြိမ်ကုန်ထုတ်စခန်းတွင် ဇူလိုင် ၂၀ ရက်နေ့၌ အကျဉ်းသားတစ်ဦးဖြစ်သူ ရဲလေး(ခ)မဲ့လေးသည် လုပ်ငန်းခွင်အတွင်း ကျောက်တောင်ပေါ်မှ ပြုတ်ကျသေဆုံးခဲ့သည်ဟု ဇင်းကျိုက်နယ်မြေရဲစခန်းမှူးမှ ပြောကြားခဲ့သည်။ အကျဉ်းသား ရဲလေး (ခ)မဲ့လေးသည် အမြင့်ပေ ၅၀ ခန့်ရှိသည့် ကျောက်တောင်ပေါ်ကို တက်ရောက်ကျောက်ခွဲပြီး ကျောက်တုံးများကို မြေပြင်ပေါ်သို့ တွန်းချ

ရာမှ ရုတ်တရက်ခြေချော်၍ တောင်အောက် ပြုတ်ကျသေဆုံးခဲ့ခြင်းဖြစ်သည်။

▶ **ထောင်မှ လွတ်မြောက်မှုများ**

**စရဖတပ်ဖွဲ့ဝင်တစ်ဦး လုပ်ကြံခံရမှုတွင် သံသယဖြင့် ဖမ်းဆီးခြင်းခံထားရသော ရခိုင်လူငယ်သုံးဦးလွတ်မြောက်၊ တစ်ဦးကို စွဲချက်တင်**

ဇူလိုင်လ ၁၅ ရက်နေ့တွင် စစ်တွေခရိုင်တရားရုံးမှ စစ်ဖက်ဆိုင်ရာလုံခြုံရေး(စရဖ)တပ်ဖွဲ့ဝင်တစ်ဦး လုပ်ကြံခံရမှုတွင် သံသယဖြင့် ဖမ်းဆီးခြင်းခံထားရသော ရခိုင်လူငယ် လေးဦးအနက် သုံးဦးကို လွှတ်ပေးခဲ့ပြီး ကျန်တစ်ဦးကို လူသတ်မှု၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄ ဖြင့် စွဲချက်တင်ခဲ့သည်။ လွတ်မြောက်လာသူသုံးဦးသည် ကိုအောင်ဇော်လင်း၊ ကိုမေယုထွန်းနှင့် ကိုခိုင်ဘိုဘို တို့ဖြစ်ပြီး ကိုရဲဇော်သည် စွဲချက်တင်ခြင်းခံခဲ့ရသည်။ စရဖ တပ်ဖွဲ့ဝင် ကိုဖိုးလုံး လုပ်ကြံခံရမှုနှင့် ပတ်သက်၍ ရခိုင်လူငယ် လေးဦးကို လူသတ်မှု၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄ ဖြင့် စစ်တွေခရိုင် တရားရုံး၌ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် အမှုစွဲတင်ခဲ့သည်။

# နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

## RCSS/SSA မှ မိုင်းပန် ဒေသခံ တစ်ဦးကို ဖမ်းဆီးထား

မူးယစ်ဆေးဝါးနှင့်ဆက်နွယ်မှုရှိသည်ဟုဆိုကာ ဇွန်လ ၂၈ ရက်နေ့တွင် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည် တပ်မတော်(RCSS/SSA)မှ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းပန်မြို့နယ်၊ ပန်ပီးကျေးရွာမှ ဦးခွန်ကျော်လုကို ဖမ်းဆီးခဲ့သည်။ ဦးခွန်ကျော်လုသည် ဇနီးဖြစ်သူ ကျန်းမာရေး ကောင်းမွန်မှုမရှိသည့်အတွက် မိုင်းပန်ဆေးရုံသို့ သွားရောက် ဆေးကုသမှု ပြုလုပ်ပြီး အပြန်တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဒေသခံများမှ ပြောကြားခဲ့သည်။ RCSS/SSA တောင်ကြီး ဆက်ဆံရေးရုံး တာဝန်ခံ ဒုဗိုလ်မှူးကြီး စိုင်းဦးမှ မူးယစ်ဆေးဝါးနှင့်ပတ်သက်ဆက်နွယ်နေခြင်းကြောင့် ဖမ်းဆီးစစ်ဆေးမှုများ ပြုလုပ်နေကြောင်းပြောကြားခဲ့သော်လည်း ပန်ပီးကျေးရွာမှ ဒေသခံများကမူ ဦးခွန်ကျော်လုသည် မူးယစ်ဆေးဝါးသုံးစွဲခြင်း မရှိသကဲ့သို့ ရောင်းဝယ်ခြင်းလည်း မရှိကြောင်း ပြောကြားခဲ့သည်။

## မူးယစ်ရမ်းကားသူအား ရဲမှ ရိုက်နှက် ဖမ်းဆီးသဖြင့် သေဆုံး

ပဲခူးတိုင်း အနောက်ခြမ်း၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ပန်းတောင်းမြို့နေ အသက် ၂၄ နှစ်အရွယ်ရှိ ကိုအောင်ရဲဇော်သည် ရဲတပ်ဖွဲ့ဝင်များ၏ ချုပ်နှောင်ဖမ်းဆီး၍ နံပတ်တုတ်ဖြင့် ရိုက်နှက်မှုကြောင့် ငါးရက်ကျော်ကြာ သတိလစ်မေ့မြောခဲ့ပြီးနောက် ဇွန်လ ၃၀ ရက်နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ သေဆုံးသွားခဲ့သည်။ ဇွန်လ ၂၄ ရက်နေ့ ညပိုင်း၌ စည်သာရပ်ကွက်ရှိ အရက်ဆိုင်တွင် ကိုအောင်ရဲဇော်သည် မူးယစ်ဆဲဆိုနေသဖြင့် ဆိုင်ရှင်မှ တိုင်ကြားခဲ့သည့်အတွက် ရဲတပ်ဖွဲ့မှ လာရောက် ဖမ်းဆီးစဉ် အရပ်ဝတ်ဖြင့် ရဲ နှစ်ဦးမှ ၎င်းကို ချုပ်နှောင်ထားပြီး တစ်ဦးမှ နံပါတ်တုတ်ဖြင့်ရိုက်နှက်ခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိခဲ့သူတစ်ဦးမှ ပြောကြားခဲ့သည်။ ပန်းတောင်မြို့နယ်ရဲစခန်းမှ စခန်းမှူး ဒုရဲမှူး အောင်အောင်မှ ချုပ်နှောင်ရိုက်နှက်ရာတွင် ပါဝင်ခဲ့သည့် ရဲတပ်ဖွဲ့ဝင် လေးဦးဖြစ်သော ဒုတပ်ကြပ် အောင်ဇော်ဝင်း၊ ရဲတပ်သား တင်ဇော်မြင့်၊ ရဲတပ်သား ဇင်မင်းထွန်းနှင့် ရဲတပ်သား ခိုင်ထူးတို့ကို ဖမ်းဆီးအရေးယူထားပြီး ဥပဒေအရဆောင်ရွက်နေသည်ဟု ပြောကြား ခဲ့သည်။ သေဆုံးသူ ကိုအောင်ရဲဇော်၏ အဖွားဖြစ်သူ ဒေါ်တင်ကြည်မှ မြေးဖြစ်သူ ကိုအောင်ရဲဇော်ကို မိခင်ဖြစ်သူမှ ပန်းတောင်းရဲစခန်းမှ ခံဝန်လက်မှတ်ထိုး၍ ပြန်ခေါ်ခဲ့ကြောင်း၊ ပန်းတောင်းဆေးရုံတွင် ကုသသော်လည်း သတိလစ်မေ့မြောနေ၍ ပြည်ဆေးရုံကြီးသို့ ပြောင်းရွှေ့ခဲ့ကြောင်း၊ ထို့နောက် ရန်ကုန်ဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသသော်လည်း ဇွန်လ ၃၀ ရက်နေ့တွင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ဖမ်းဆီး၊စစ်ဆေးခြင်းခံရသည့် မြောက်ဦး ဒေသခံများ အနက်မှ တစ်ဦးသေဆုံး

ရက္ခိုင့်တပ်မတော်(AA)နှင့်ဆက်နွယ်မှုရှိသည်ဟူသောသံသဖြင့် ဖမ်းဆီးစစ်ခြင်းခံရသူများအနက်မှ ရခိုင်ပြည်နယ်၊ မြောက်ဦး မြို့နယ်၊ ရွှေထွန်းဖြူကျေးရွာမှ အသက် ၂၈ ရှစ်အရွယ် ကိုဇော်ဝင်းလှိုင်သည် စစ်တွေပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှု ခံယူနေစဉ် ဇူလိုင်လ ၁ ရက်နေ့၌ သေဆုံး သွားခဲ့သည်။ ဇွန်လ ၂၁ ရက်နေ့တွင် သေဆုံးသူ ကိုဇော်ဝင်းလှိုင် အပါအဝင် ဒေသခံ ရှစ်ဦးကို တပ်မတော် စစ်ကြောင်းမှ ပေါက်တောပြင်ကျေးရွာ အနီးတွင် ဖမ်းဆီးခဲ့သည်။ ဇွန်လ ၂၄ ရက်နေ့တွင် အဆိုပါ ရှစ်ဦးအနက်မှ အသက် ၂၃ နှစ် အရွယ် ကိုဇော်မျိုးထွန်းသည် သေဆုံးသွားခဲ့ပြီး ကိုဇော်ဝင်းလှိုင်သည် ဒုတိယမြောက် သေဆုံးသူဖြစ်သည်။ တပ်မတော် စစ်ကြောင်းမှ ကိုဇော်ဝင်းလှိုင်ကို လေးရက်ကြာ ထိန်းသိမ်းခဲ့ပြီး ဇွန်လ ၂၄ ရက်နေ့ ညနေပိုင်းတွင် ကျောက်တော် မြို့မရဲစခန်းသို့ လွှဲပြောင်းပေးခဲ့ပြီး ဇွန်လ ၂၅ ရက်နေ့တွင် ၎င်းကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် ကျောက်တော်မြို့နယ် တရားရုံး၌ ရုံးထုတ်ခဲ့သည်။ ကိုဇော်ဝင်းလှိုင်၏ ကျန်းမာရေး အခြေအနေများကြောင့် ရဲတပ်ဖွဲ့မှ ကျောက်တော်ဆေးရုံသို့ ဆေးကုသရန် ပို့ဆောင်ခဲ့ရာ ကျန်းမာရေးအခြေအနေ ဆိုးဝါးလာ၍ ကျောက်တော်ဆေးရုံမှ ဇွန်လ ၃၀ ရက်နေ့တွင် စစ်တွေ ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ တပ်မတော်မှ စစ်ကြောရေး လုပ်ဆောင်စဉ် ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရ၍ အတွင်းဒဏ်ရာများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု ၎င်း၏ မိသားစုမှ ပြောကြားခဲ့သည်။

တပ်မတော်မှ စစ်ဆေးရာတွင် ညှဉ်းပန်းနှိပ်စက်ခဲ့သည်ဟူသောပြောဆိုချက်နှင့်ပတ်သက်၍ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းမှ ကိုဇော်ဝင်းလှိုင် သေဆုံးသည့်ကိစ္စကို နှစ်နာသူများအနေဖြင့် သက်ဆိုင်ရာကို တိုင်ကြားနိုင်သည်ဟု ပြောကြားခဲ့သည်။

## ဘူးသီးတောင်မြို့နယ်၊ ကံပြင်ကျေးရွာသားများအား တပ်မတော်မှ ခေါ်ယူစစ်ဆေးနေ

တပ်မတော် တပ်မ ၂၂ မှ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ ကံပြင်ကျေးရွာမှ အမျိုးသား ၁၆ ဦး၊ အမျိုးသမီးနှင့် ကလေး ၁၆ ဦးတို့ကို ရွာဘုန်းတော်ကြီးကျောင်းတွင် ခေါ်ယူစုထားသဖြင့် အပြင်သို့မထွက်ရသည့်အတွက် ရွာသားများ စားနပ်ရိက္ခာပြတ်လပ်နေကြောင်း ကျေးရွာသားများထံမှ သိရှိရသည်။ ယင်းသို့ခေါ်ယူစုထားခြင်းခံရသည်မှာ ဇူလိုင်လ ၂ ရက်နေ့မှ ဇူလိုင် ၁၀ ရက်နေ့အထိ ကိုးရက်မြောက်ရှိလာပြီး ထိုရွာသားများသည် ရွာအပြင်သို့မထွက်ရ၊ အလုပ်မလုပ်ရသည့်အတွက် စားနပ်ရိက္ခာ ပြတ်လပ်နေရခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ ကံပြင်ကျေးရွာသား တစ်ဦးမှ ပြောကြားခဲ့သည်။ ကံပြင်ရွာသားများသည် ပြီးခဲ့သည့် ဒီဇင်ဘာလမှ စတင်ပြီး နယ်မြေမလုံခြုံသည့်အတွက် ဘူးသီးတောင်မြို့နယ်၊ စေတီတောင်၊ ရသေ့တောင်မြို့နယ်၊ ဆင်ခုန်းတိုင်စသည့် စစ်ဘေးရှောင်စခခန်းများတွင် လာရောက် ခိုလှုံနေကြသူများဖြစ်ပြီး လက်ရှိတွင် ရွာသားတစ်ချို့မှာ ကံပြင်ကျေးရွာသို့ လယ်လုပ်ရန်သွားရောက်နေကြရာ တပ်မတော်မှ ခေါ်ယူစုထားခြင်းကို ခံနေရခြင်းဖြစ်သည်။

## AA မှ ဖမ်းဆီးထားသည့် လမ်းလုပ်သားများကို အခမ္ဘ ခိုင်းစေမှုများရှိ

ရက္ခိုင့်တပ်မတော်(AA)မှ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ တွန်ကရလောင်းအခြေစိုက် လမ်းလုပ်ငန်းကုမ္ပဏီမှ စက်ကြီးမောင်းသူ ခုနစ်ဦးကို အတင်းအဓမ္မစေခိုင်းမှုများရှိနေကြောင်း ပြန်လည်လွတ်မြောက်လာသည့် ပလက်ဝမြို့နယ်၊ ကင်းတလင်းကျေးရွာသားများမှ ပြောကြားခဲ့သည်။ AA စခန်းမှ ထွက်ပြေးလွတ်မြောက်လာသူတစ်ဦးမှ “စက်ကြီးမောင်းသည့် ခုနစ်ဦးသည် စစ်တပ်မှ အငြိမ်းစားယူခဲ့သည့် ပင်စင်စားများဖြစ်ကာ ၎င်းတို့၏ ခြေထောက်ကို သံကြိုးဖြင့်ချည်၍ အလုပ်များစွာ ခိုင်းပြီး ထမင်းကို တစ်ရက်ကို တစ်နပ်သာ ကျွေးသည်ဟု ပြောကြားခဲ့သည်။

## "ရခိုင်တွေမှာလည်း အသက်နှင့်” ဆန္ဒပြပွဲ စီစဉ်သူများကို ရဲတပ်ဖွဲ့ ရှာဖွေ

တပ်မတော်မှ ဖမ်းဆီးစစ်ဆေးစဉ်နှင့် စစ်ဆေးပြီးနောက် သေဆုံးသွားခဲ့သည့် အရပ်သားများအတွက် တရားမျှတမှုကို တောင်းဆိုသည့် “ရခိုင်တွေမှာလည်း အသက်နှင့်” ဟူသော လှုပ်ရှားမှုကို ဦးဆောင်စီစဉ်ခဲ့သည့် ရခိုင်တိုင်းရင်းသား တက်ကြွလှုပ်ရှားသူ ကိုသန်းလှအပါအဝင် ခြောက်ဦးကို ရဲတပ်ဖွဲ့မှ လိုက်လံရှာဖွေလျှက်ရှိသည်။ ဇူလိုင်လ ၂ ရက်နေ့ ညဥ့် အချိန်တွင် ရဲတပ်ဖွဲ့ဝင်များသည် ကိုသန်းလှ(ခေါ်)မင်းဗာချေ၏ မိဘများနေအိမ်နှင့် ၎င်း၏ ဇနီးဖြစ်သူ၏ နေအိမ်များအား ဝင်ရောက်ရှာဖွေခဲ့သည့်ပြင် ဇူလိုင်လ ၃ ရက်နေ့ ညဥ့်အချိန်တွင်လည်း ဝေသာလီတိုက်တန်းရှိ ၎င်းတို့၏ ရုံးခန်းနှင့် ဆန္ဒ ထုတ်ဖော်ရာတွင် ပါဝင်သူများ၏ နေအိမ်များကို ဝင်ရောက်ရှာဖွေ စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ဇူလိုင်လ ၂ ရက်နေ့တွင် ရခိုင်တိုင်းရင်းသားလူငယ် ခြောက်ဦးသည် စစ်တွေမြို့လယ်ရှိ ဦးဥတ္တမပန်းခြံတွင် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ကိုသန်းလှကို ငြိမ်းချမ်းစွာစုဝေးခွင့်ဥပဒေချိုးဖောက်မှုဖြင့် ဝရမ်းထုတ်ထားကြောင်း သိရှိရသည်ဟု သူ၏မိသားစုမှ ပြောကြားခဲ့သည်။

## AA မှ ဖမ်းဆီးထားသည့် ပလက်ဝ ဒေသခံ ၁၂ ဦး ထွက်ပြေး လွတ်မြောက်

ရက္ခိုင့်တပ်မတော်(AA)မှ ဖမ်းဆီးထားသည့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကင်းတလင်း ကျေးရွာမှ ဒေသခံ ၅၄ ဦးအနက် ၁၂ ဦးသည် ဇွန်လ ၂၆ ရက်နေ့တွင် ထွက်ပြေးလွတ်မြောက်လာခဲ့သည်။ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် တပ်မတော်နှင့် AA အဖွဲ့တို့ ကင်းတလင်းကျေးရွာအနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် AA အဖွဲ့မှ ထိုရွာသား ၅၄ ဦးကို ဘင်္ဂလားဒေ့ရှ်နယ်စပ် ဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ ဖေဖော်ဝါရီလအတွင်းတွင် ကင်းတလင်းရွာသား နှစ်ဦး ထွက်ပြေး လွတ်မြောက်ခဲ့၍ လက်ရှိတွင် ဖမ်းဆီးခြင်းခံထားရသော ကင်းတလင်းရွာသား ၅၄ ဦး အနက် ၄၀ ဦး ကျန်ရှိနေသေးကြောင်း၊ ထို ၄၀ ဦးအနက် အမျိုးသမီး တစ်ဦး သေဆုံးသွား၍ ၃၉ ဦးကျန်ရှိသေးကြောင်း၊ ထိုလူအားလုံးကို ပြန်လည်လွှတ်ပေးစေလိုကြောင်း ပလက်ဝဒေသရှိ တိုက်ပွဲရှောင်များကို ကူညီဆောင်ရွက်ပေးနေသူများမှ ပြောကြားခဲ့သည်။

## တပ်မတော်ရေယာဉ်ပစ်ခတ်ခံရမှု သံသယဖြင့် ဖမ်းဆီးထားသူ ရှစ်ဦးကိုလွှတ်ပေး

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဆတ်ရိုးကျချောင်းအတွင်း ရပ်နားထားသည့် တပ်မတော်ရေယာဉ် ပစ်ခတ်ခံရမှု နှင့်ပတ်သက်၍ ဖမ်းဆီးခြင်းခံထားရသူ ၁၀ ဦးအနက်မှ သုံးဦးဖြစ်သည့် မောင်စိုးနိုင်လင်း၊ မောင်ထွန်းထွန်းနှင့် မောင်ကျန်လှုတို့ကို ဇူလိုင်လ ၅ ရက်နေ့တွင် လည်းကောင်း၊ ငါးဦးဖြစ်သည့် မောင်ခိုင်မြတ်ဝင်း၊ ဦးထွန်းရွှေ၊ ဒေါ်သူဇာ၊ ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဦးအောင်လင်းဦးနှင့် မန်နေဂျာ ဦးအောင်နိုင်တို့အား ဇူလိုင်လ ၁၈ ရက်နေ့တွင် လည်းကောင်း ခံဝန်ဖြင့် အသီးသီးလွှတ်ပေးခဲ့သည်။ ကျန်နှစ်ဦးဖြစ်သည့် မောင်ရဲမင်းနိုင်နှင့် မောင်စိုးဌေးအောင်နိုင်တို့ကို ဆက်လက် ဖမ်းဆီး၊ စစ်ဆေးလျှက်ရှိသည်။ ဖွန်လ ၂၂ ရက်နေ့တွင် စစ်တွေမြို့၊ ဆပ်ရိုးကျချောင်းအဝတွင် ရပ်နားထားသည့် စစ်တပ်၏ ပင်လယ်သွားတွဲဆွဲယာဉ်ကို ရှော့တိုက် ဒုံးသုံးလုံးနှင့် ရက္ခိုင့်တပ်တော်(AA)မှ ပစ်ခတ်ခဲ့ခြင်းကြောင့် တပ်မတော်သား နှစ်ဦးသေဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာ ရရှိခဲ့သည်။ ထိုဖြစ်စဉ်နှင့်ပတ်သက်၍ လက်နက်လာရာဘက်ရှိ ဆောက်လုပ်ရေးခြံဝင်း တစ်ခုမှ ပိုင်ရှင်၊ မန်နေဂျာနှင့် ခြံစောင့်မိသားစုအပါအဝင် ကယုချောင်း ဘုန်းတော်ကြီးကျောင်း၊ စစ်ဘေးကယ်ဆယ်ရေး စခန်းမှ လူငယ်များကို ဖမ်းဆီးစစ်ဆေးခဲ့ခြင်းဖြစ်သည်။

## မြေပုံမြို့နယ်တွင် ဒေသခံ ရွာသား နှစ်ဦး ပစ်သတ်ခံရ

ဇူလိုင်လ ၅ ရက်နေ့ ည ၈ နာရီ အချိန်ခန့်၌ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ် ပေါက်တူးတောင် ကျေးရွာတွင် ကျေးရွာသား နှစ်ဦးကို အမည်မသိ လက်နက်ကိုင် သုံးဦးမှ နေအိမ်အတွင်းသို့ ဝင်ရောက်၍ ပစ်သတ်သွားခဲ့သည်။ ပစ်သတ်ခံရသည့် ကျေးရွာသား နှစ်ဦးမှာ အသက် ၆၀ နှစ်အရွယ် ဦးမောင်ဘကျန်နှင့် သားမက်ဖြစ်သူ အသက် ၂၆ နှစ်အရွယ် ကိုဆန်းဝင်းထွန်းတို့ ဖြစ်ကြသည်။

## တပ်မတော်၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ကျောက်တန်းရွာသား တစ်ဦးသေဆုံး

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တန်းကျေးရွာတွင် အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်ခဲ့မှုကြောင့် ဒဏ်ရာ ရရှိခဲ့သူ ရှစ်ဦးအနက်မှ နောက်ထပ် တစ်ဦးဖြစ်သူ အသက် ၃၀ နှစ်အရွယ် ကိုမောင်ဇော်လင်းသည် ဇူလိုင်လ ၆ ရက်နေ့တွင် ရသေ့တောင်ဆေးရုံ၌ သေဆုံးသွားခဲ့သည်။ ပစ်ခတ်ခံရမှုဖြစ်စဉ်ကြောင့် ဒဏ်ရာရရှိသူ ရှစ်ဦးအနက်မှ အခြားတစ်ဦး ဖြစ်သည့် ကိုအောင်လင်းကျော်သည် ဆေးကုသမှုခံယူရင်း မေလ ၁၄ ရက်နေ့၌ သေဆုံးခဲ့သွားခဲ့သည်။ ရက္ခိုင့်တပ်မတော် (AA)နှင့် ဆက်နွယ်မှုရှိသည်ဟူသော သံသယဖြင့် တပ်မတော်မှ ကျောက်တန်းကျေးရွာသား ၂၇၅ ဦးကို ကျေးရွာစာသင်ကျောင်း၌ ထိန်းသိမ်းစစ်ဆေးခဲ့ပြီး မေလ ၂ ရက်နေ့ နံနက် ၂ နာရီအချိန်ခန့်တွင် ရွာသားများမှ အကြမ်းဖက်ရန် ကြိုးစားလာသည်ဟုဆိုကာ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ထိုပစ်ခတ်မှုကြောင့် ကနဦး ကာလတွင် လူ ခြောက်ဦး ပွဲချင်းပြီး သေဆုံးသွားခဲ့ပြီး ရှစ်ဦး ဒဏ်ရာ ရရှိခဲ့သည်။

## တပ်မတော်မှ ဖမ်းဆီးထားသော တအာင်းလူငယ် လေးဦး လွှတ်မြောက်မှုမရှိသေး

တပ်မတော် ခြေလျင်တပ်ရင်း အမှတ် ၄၅ ၏ ဖမ်းဆီးခြင်းကိုခံထားရသော တအာင်းလူငယ် လေးဦးသည် လွှတ်မြောက်လာခြင်းမရှိသေးကြောင်း အရပ်ဘက် အဖွဲ့အစည်းများမှ ပြောကြားခဲ့သည်။ ဖွန်လ ၁၉ ရက်နေ့တွင် လူငယ် ၁၀ ဦးသည် မင်္ဂလာဆွေ့ခံပွဲသို့ သွားရာလမ်းတွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပြီး ကွတ်ခိုင်အခြေစိုက် နည်းဗျူဟာ စစ်ဆင်ရေးဌာနချုပ် သို့ ခေါ်ဆောင်သွားခြင်း ခံခဲ့ရသည်။ ဖွန်လ ၂၃ ရက်နေ့တွင် တအာင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ (TLCC)နှင့် အခြားအရပ်ဘက် အဖွဲ့အစည်းများမှ တပ်မတော်အား ထိုလူငယ် ၁၀ ဦးသည် သာမန်အရပ်သားများဖြစ်ကြောင်း ပြော ကြားခဲ့ပြီးနောက် တပ်မတော်မှ လူငယ် ခြောက်ဦးအား လွှတ်ပေးခဲ့သည်။ ကျန်လူငယ် လေးဦးကိုမူ အအောင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော်(TNLA) နှင့်ဆက်နွယ်သည်ဟု စွပ်စွဲကာ ဆက်လက် ထိန်းသိမ်းထားခဲ့သည်။

## AA ခေါင်းဆောင်လေးဦးကို တရားခံပြေးအဖြစ် သတ်မှတ်ထား

ရက္ခိုင့်တပ်တော်(AA)၏ ထိပ်ပိုင်းခေါင်းဆောင်များ ဖြစ်သည့် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ထွန်းမြတ်နိုင်၊ ဒုတိယ စစ်ဦးစီးချုပ် ဒေါက်တာ ညိုထွန်းအောင်၊ ဗိုလ်မှူးကြီး ကျော်ဟန်နှင့် ပြောရေးဆိုခွင့်ရှိသူ ခိုင်သုခတို့ကို ရဲတပ်ဖွဲ့မှ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့် တရားစွဲဆိုခဲ့ပြီး တရားခံပြေးအဖြစ် သတ်မှတ်ထားခဲ့သည်။ မတ်လအတွင်းတွင် မြောက်ဦးမြို့နယ်မှ ဒေသခံရွာသား ၁၃ ဦးကို တပ်မတော်မှ ဖမ်းဆီးခဲ့ပြီး ထို ၁၃ ဦးအနက်မှ တစ်ဦးသည် ငှက်ဖျားရောဂါဖြင့် သေဆုံးသွားခဲ့ကာ ကျန် ၁၂ ဦးကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂

(က) ဖြင့် တရားစွဲဆိုထားသည်။ ထိုလူများ၏ နောက်ကွယ်မှ စေခိုင်းခဲ့သူများအဖြစ် AA ထိပ်ပိုင်း ခေါင်းဆောင်များကိုပါ တိုင်ကြားထားခြင်း ဖြစ်သည်ဟု ရခိုင်ပြည်နယ်အခြေစိုက် တရားလွှတ်တော်ရှေ့နေ ဒေါ်အေးနုစိန်မှ ပြောကြားခဲ့သည်။

ထို့ပြင် မြောက်ဦးမြို့နယ် စခန်းမှူး ဒုရဲမှူး အောင်သူရမှ ၎င်းတို့ကို ဇန်နဝါရီလ ၄ ရက်နေ့တွင် ရဲကင်းစခန်းကို ဝင်ရောက်တိုက်ခိုက်မှုအပါအဝင် ရခိုင်ပြည်နယ် အတွင်း လမ်းများကို ပုံးခွဲတိုက်ခိုက်မှုများရှိသည်ဆိုသည့် စွပ်စွဲချက်များဖြင့် တရားစွဲဆိုထားသည်။ တရားခံပြေး အဖြစ် သတ်မှတ်ထားသူများတွင် AA ၏ ထိပ်ပိုင်း ခေါင်းဆောင် လေးဦးအပြင် ဦးစံရွှေမောင်ဆိုသူ စ်ဦးလည်း ပါဝင်နေ သည်။ ရက္ခိုင့်တပ်တော် AA ၏ ပြောရေးဆိုခွင့်ရှိသူ ဦးခိုင်သုခမှ ဦးစံရွှေမောင်ဆိုသူကို မသိရှိကြောင်း ပြောကြားခဲ့သည်။

## အိုးဘိုထောင်တွင်း အောင်သပြေကျေးရွာသား သေဆုံးမှုကို လူသတ်မှုအဖြစ် ပြောင်းလဲ အမှုဖွင့်

မန္တလေးအိုးဘိုအကျဉ်းထောင်အတွင်း အောင်သပြေ ကျေးရွာသား ဦးထွန်းမြင့်ဂင်း သေဆုံးသွားခဲ့မှုကို လူသတ်မှုပုဒ်မဖြင့် ပြောင်းလဲ၍ အမှုဖွင့်ခဲ့သည်။ ထို့ကြောင့် စုံစုံဖွဲ့ကာ အိုးဘိုအကျဉ်းထောင်ဘက် ကို စစ်ဆေးမည်ဖြစ်ကြောင်း အောင်မြေသာစံမြို့နယ်၊ အမှတ် (၂) နယ်မြေရဲစခန်းမှ ရဲအုပ်မျိုးညွန့်မှ ပြောကြား ခဲ့သည်။ ဘိလပ်မြေစက်ရုံ စီမံကိန်း ကန့်ကွက် ဆန္ဒထုတ်ဖော်မှုနှင့်ပတ်သက်၍ ဦးထွန်းမြင့်ဂင်းသည် ဇွန်လ ၂ ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ဇွန်လ ၅ ရက်နေ့တွင် ထောင်အတွင်း၌ သေဆုံးခဲ့သည်။ ဇွန်လ ၅ ရက်နေ့ ရဲမှတ်တမ်း၌ ဦးထွန်းမြင့်ဝင်းသည် အရက်ကြောင် ရောဂါနှင့် အဖျားကြီးခြင်းကြောင့် သေဆုံးခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ သို့သော်လည်း မိသားစုဂင်များ မှ ရုပ်အလောင်းကို တွေ့ရှိချိန်တွင် ခန္ဓာကိုယ်နေရာ အချို့ ၌ ဒဏ်ရာများတွေ့ရှိခြင်းနှင့် ဂေဖန်မှုများကြောင့် အကျဉ်းဦးစီးဌာနမှ ဌာနတွင်း စုံစမ်းမည်ဖြစ်ကြောင်း ဇွန်လ ၇ ရက်နေ့၌ ထုတ်ပြန်ခဲ့သည်။ ဇွန်လ ၆ ရက်နေ့ တွင် မှုခင်းဆရာဂန်၏ စစ်ဆေးချက်အရ ဦးထွန်းမြင့်ဂင်း သည် လည်ပင်းတွင် ရရှိသော ဒဏ်ရာကြောင့် ဦးနောက် အမြှေးပါးအောက် သွေးလွန်ပြီး ဦးနောက်ပိညပ် သေဆုံးခဲ့သဖြင့် ရဲအုပ်မျိုးညွန့်မှ တရားလိုပြုလုပ်၍ ပုဒ်မ ၃၀၂ ဖြင့် ဇူလိုင်လ ၆ ရက်နေ့တွင် စတင်အမှုဖွင့်ခဲ့ခြင်း ဖြစ်ပြီး ကျူးလွန်သူများအား ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေး နေဆဲဖြစ်ကြောင်း သိရှိရသည်။

## ကွတ်ခိုင်မြို့နယ်တွင် မြေမြှုပ်မိုင်းပေါက်ကွဲ၍ လယ်သမား တစ်ဦး ဒဏ်ရာရ

ဇူလိုင်လ ၁၀ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ် ၌ ဒေသခံ လယ်သမားတစ်ဦးဖြစ်သူ လွန်ဇယ်သည် ၎င်း၏ တောင်ယာအတွင်း ကွဲ့နွားများကို ထိန်းသိမ်းနေစဉ် မြေမြှုပ်မိုင်းပေါက်ကွဲ၍ ဒဏ်ရာရရှိခဲ့သည်။ လက်ရှိတွင် ၎င်းသည် လားရှိုးဆေးရုံကြီး၌ တက်ရောက်၍ ဆေးကုသမှု ခံယူနေရသည်။ ပြီးခဲ့သော လများ၌ တပ်မတော်နှင့် တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)တို့ကြား တိုက်ပွဲများ ပြန်လည်ဖြစ်ပွားမှု အကျိုးဆက်အနေဖြင့် မြေမြှုပ်မိုင်းထောင် ထားမှုများ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

## ထိန်းသိမ်းစစ်ဆေးစဉ် သေဆုံးမှုတချို့နှင့်ပတ်သက်၍ တပ်မတော်မှ စုံစုံဖွဲ့စစ်ဆေးနေ

ရခိုင်ပြည်နယ်အတွင်း ထိန်းသိမ်းစစ်ဆေးမှုများ ဆောင်ရွက်နေစဉ် သေဆုံးမှုတချို့နှင့်ပတ်သက်၍ ဇူလိုင်လ ၁၂ ရက်နေ့မှ စတင်၍ စုံစမ်းစစ်ဆေးရေးခုံရုံး ဖွဲ့စည်း၍ စစ်ဆေးဆောင်ရွက်နေကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ သတင်းထုတ်ပြန်ခဲ့သည်။ မင်းပြားမြို့နယ်၊ ပန်းမြောင်ကျေးရွာ၊ မြောက်ဦးမြို့နယ်၊ လက္ကာကျေးရွာ၊ ရသေ့တောင်မြို့နယ်၊ ကျောက်တန်း ကျေးရွာ၊ ကျောက်တော်မြို့နယ်၊ မင်းသားတောင်ကျေးရွာ နှင့် မြောက်ဦးမြို့နယ်၊ ဂေါသာလီဆုတောင်းပြည့် ဘုရား အနီးတို့တွင် တပ်မတော်သားများမှ ရက္ခိုင့်တပ်မတော် (AA)နှင့်ပတ်သက်ဆက်နွယ်သည်ဟူသော သံသယဖြင့် ဒေသခံများကို ထိန်းသိမ်းစစ်ဆေးမှုများ ဆောင်ရွက်စဉ် သေဆုံးမှုတချို့ ဖြစ်ပေါ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အဆိုပါ သေဆုံးမှုဖြစ်စဉ်များ နှင့်ပတ်သက်၍ အမှန်အတိုင်း ပေါ်ပေါက်စေရန် သက်ဆိုင် ရာ တိုင်းစစ်ဌာနချုပ်မှ တပ်မတော် နည်းဥပဒေ ၁၇၆ နှင့်အညီ ဇူလိုင်လ ၁၂ ရက်နေ့မှစတင်၍ စုံစမ်းစစ်ဆေး ရေးခုံရုံး ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန် ခဲ့သည်။

## အမျိုးသမီးရဲဘက်စခန်းများ ပိတ်ရန်စဉ်းစားသင့်ဟု မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဆို

အကျဉ်းဦးစီးဌာနလက်အောက်ရှိ အမျိုးသမီး ကုန်ထုတ် စခန်း(ရဲဘက်)များ၌ရှိသော အမျိုးသမီးအကျဉ်းသူများ၏ သားအိမ် ဆိုင်ရာ ထိခိုက်မှုများ ဖြစ်လာနိုင်သောကြောင့် ယင်းစခန်းများကို ပိတ်သိမ်းသင့်ကြောင်း မြန်မာနိုင်ငံ

အမျိုးသား လူ့အခွင့်အရေး ကော်မရှင်(MNHRC)ဥက္ကဋ္ဌ ဦးဝင်းမရမှ ပြောကြားခဲ့သည်။ ဇူလိုင်လ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ကော်မရှင်၏ နှစ်ပတ်လည် အစီရင်ခံစာကို တင်သွင်းရာ၌ အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

## အကျဉ်းဦးစီးဌာနလက်အောက်တွင်ရှိသော ပြုပြင်ထိန်းသိမ်းရေး သင်တန်းကျောင်းသုံးခုရှိ ကလေးသူငယ်များ ရှေ့နေ မရှိဘဲ တရားရင်ဆိုင်နေရ

အကျဉ်းဦးစီးဌာနလက်အောက်ရှိ ငှက်အော်စမ်း လူငယ်လေ့ကျင့်ရေးသင်တန်းကျောင်း၊ သန်လျင် လူငယ်လေ့ကျင့်ရေး သင်တန်းကျောင်းနှင့် အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းတို့ရှိ ကလေးသူငယ် ၁၀၅ ဦးကို သုတေသနပြု မေးမြန်းထားချက်များအရ အများစုသည် တရားခွင်တွင် ရှေ့နေမရှိဘဲ တရားရင်ဆိုင်နေကြရသည်ဟု မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကောင်မရှင်(MNHRC)မှ ပြည်သူ့လွှတ်တော်သို့ တင်သွင်းခဲ့သော အစီရင်ခံစာအရ သိရှိရသည်။ ကလေးသူငယ် ၄၁ ဦးအတွက် ရှေ့နေကိုယ်စားပြုခွင့်နှင့် ကလေးတစ်ဦးအတွက်သာ အစိုးရရှေ့နေမှ လိုက်ပါဆောင်ရွက်ခွင့်ရရှိခဲ့သည်။ အခြား ကလေးများသည် ဆင်းရဲခြင်း၊ အသိပညာနည်းပါးခြင်းတို့ကြောင့် ခုခံချေပခွင့်မရှိခဲ့ပါ။ ထို့ပြင် အစီရင်ခံစာတွင် အကျဉ်းထောင်တွင်း လူဦးရေပြည့်သိပ်နေခြင်းကို လျော့ချရန်၊ ရဲဘက်စခန်းများ၊ ရဲအချုပ်များနှင့် ဆေးရုံ အချုပ်များကို စုံစမ်းစစ်ဆေးရန် အကြံပြု ထားချက်များ ပါဝင်သည်။

## ကျောက်တော်တွင် အမျိုးသမီး တစ်ဦး မြေမြှုပ်မိုင်းနင်းမိ၍ ဒဏ်ရာရရှိ

ဇူလိုင်လ ၁၈ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ယိုးချောင်းဒေသ၊ ငှက်ပျောချောင်းကျေးရွာတွင် အသက် ၃၀ နှစ်အရွယ် မခိုင်စိုးရီသည် မြေမြှုပ်မိုင်းနင်းမိသည့်အတွက် ဒဏ်ရာများ ရရှိခဲ့သည်။ မခိုင်စိုးရီသည် ကျေးရွာအနီးရှိ စိုက်ခင်းသို့ အဖော်များနှင့်အတူ သံပုရာသီးခူးရန် သွားရောက်စဉ် မြေမြှုပ်မိုင်းနင်း မိခဲ့ခြင်းဖြစ်ကြောင်း ကန်စောက် နယ်မြေခံ ရဲကင်းစခန်းမှ တပ်ကြပ် ကျော်ဌေးမှ ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် မခိုင်စိုးရီသည် ကျောက်တော် ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်၍ ကုသနေရသည်။

## တိမ်ညိုရွာအနီးတွင် ပစ်ခတ်ခြင်းခံရ၍ ဒေသခံတစ်ဦးသေဆုံး

ဇူလိုင်လ ၂၃ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ တိမ်ညိုကျေးရွာတွင်ရှိသည့် တပ်မတော်၏ ထောက်ပို့တပ်မှ တောင်မြင့်ကျေးရွာမှ ကြာကန်ကျေးရွာဘက်သို့သွားနေသည့် ဒေသခံ လှေတစ်စီးကို တိမ်ညိုကျေးရွာအနီးတွင် ပစ်ခတ် ခဲ့သည့်အတွက် အသက် ၂၂ နှစ်အရွယ် ကိုဘိုသန်းထွန်း၏ ဦးခေါင်း ကျည်ထိမှန်သွားခဲ့သည်။ ကိုဘိုသန်းထွန်းသည် မြောက်ဦးဆေးရုံတွင် တက်ရောက်၍ ဆေးကုသမှုခံယူနေစဉ် ဇူလိုင်လ ၂၄ ရက်နေ့၌ သေဆုံးသွားခဲ့သည်။ မြောက်ဦးမြို့နယ်၊ တောင်မြင့်ကျေးရွာမှ ကိုဘိုသန်းထွန်းသည် ၎င်း၏ညီ၊ အစ်မ၊ ယောက်ဖတို့နှင့်အတူ ကြာကန်ကျေးရွာဘက်သို့ မျိုးစပါးသွားပို့ချိန်တွင် လမ်း၌ ပစ်ခတ်ခံခဲ့ရခြင်းဖြစ်သည်။

## ရန်အောင်ပြင်ရွာမှ အမျိုးသမီး နှစ်ဦးကို စစ်တပ်မှ ဆက်လက်စစ်ဆေးနေ

ဇူလိုင်လ ၂၃ ရက်နေ့တွင် တပ်မတော် စစ်ကြောင်းတစ်ခုသည် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ မယူကမ်း ရန်အောင်ပြင်ရွာသို့ ရောက်ရှိလာခဲ့ပြီး ရွာသားများကို ဓမ္မာရုံတွင် စုခိုင်းခဲ့ကာ အိမ်ထောင်စုစာရင်းများ စစ်ဆေးခဲ့ပြီးနောက် ရွာသားများကို ပြန်လွှတ်ပေးခဲ့သည်။ သို့သော်လည်း ကိုမောင်ထွန်းစိုး၏ မိခင်နှင့် ဇနီးဖြစ်သူတို့အား ဆက်လက် စစ်ဆေးနေသည်ဟု ရွာသားများမှ ပြောကြားခဲ့သည်။ ယခုစစ်ဆေးမှုသည် ဇူလိုင်လ ၂၀ ရက်နေ့ နံနက်၌ မေယုမြစ်အတွင်း ကျောက်ချရပ်နားထားသည့် ရေတပ်သင်္ဘော သုံးစီးအား ရက္ခိုင့်တပ်မတော်(AA)မှ ရှော့တိုက်ဒုံးဖြင့် တိုက်ခိုက်ခဲ့ပြီးနောက် မယူကမ်းမှ ရွာတစ်ရွာကို ပထမဦးဆုံးအကြိမ် လာရောက်စစ်ဆေးခြင်းဖြစ်သည်။

## ဘူးသီးတောင်တွင် လူနေအိမ်ပေါ် လက်နက်ကြီးကျည်ကျ၍ လူငယ်တစ်ဦးကျည်စထိမှန်

ဇူလိုင်လ ၂၂ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ ဥယာဉ်သာကျေးရွာအနီးတွင် တပ်မတော်နှင့် ရက္ခိုင့်တပ်တော်(AA)တို့ကြား ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး တိုက်ပွဲတွင်းမှ လက်နက်ကြီးကျည်များ အနီးအနားရှိ ကျေးရွာများမှ နေအိမ်များသို့ ကျရောက်ပေါက်ကွဲခဲ့၍ ဆင်သီပြင်ကျေးရွာမှ အသက် ၁၄ နှစ်အရွယ် ဒီလ်မာမောက်သည် လက်နက်ကြီး ကျည်စထိမှန်၍ ဒဏ်ရာရရှိခဲ့သည်။

### ရသေ့တောင်မြို့နယ်၊ ရန်အောင်ပြင်ကျေးရွာမှ ဆရာမတစ်ဦးကို တပ်မတော်မှ တစ်ရက်ကျော်ကြာ စစ်ဆေးပြီးနောက် ပြန်လွှတ်ပေး

ဇူလိုင်လ ၂၃ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းတစ်ခုမှ ရသေ့တောင်မြို့နယ်၊ ရန်အောင်ပြင်ကျေးရွာကို ဝင်ရောက်ခဲ့ပြီး မူလတန်းဆရာမ ဒေါ်မြသိန်းတန် အပါအဝင် ရွာသား (၈၀၀)ခန့်အား အိမ်ထောင်စု စာရင်းများကို စစ်ဆေးခဲ့ပြီးနောက် အခြားသူများကို ယင်းနေ့တွင် ပြန်လွှတ်ပေးခဲ့သော်လည်း ဒေါ်မြသိန်းတန် ကို ဇူလိုင်လ ၂၄ ရက်နေ့၊ ညနေပိုင်းတွင်မှ ပြန်လွှတ် ပေးခဲ့သည်။ ပြန်လည်လွတ်မြောက်လာသည့် ဆရာမ ဒေါ်မြသိန်းတန်သည် ဇူလိုင်လ ၂၅ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းနှင့်တွေ့သော ရွာသူ၊ရွာသားများ ထွက်ပြေးနေကြသည်ကို မြင်တွေ့ရသဖြင့် ကြောက်လန့်၍ မူးလဲသွားသောကြောင့် ဆေးကုသမှုခံယူနေရသည် ဟု ၎င်း၏ ဆွေမျိုးတော်စပ်သူ ဒေါ်မသိန်းမေမှ ပြောကြား ခဲ့သည်။

### ဒေါက်တာအေးမောင်တို့၏ အမှုအယူခံ လျှောက်ထားချက်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပလပ်

ဇူလိုင်လ ၂၆ ရက်နေ့နေ့တွင် ပြည်ထောင်စု တရား လွှတ်တော်ချုပ်မှ ထောင်ဒဏ် အနှစ်(၂၀)ချမှတ်ခြင်း ခံထားရသည့် ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့၏အမှု အယူခံလျှောက်ထားချက်ကို ပလပ်ခဲ့သည်။ နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံရမှုအပေါ် ကျေနပ်ခြင်းမရှိသောကြောင့် ပြည်နယ်တရားလွှတ်တော် တွင် အယူခံတက်ခဲ့ရာတွင် မေလ ၂၁ ရက်နေ့တွင် ပယ်ချခြင်းခံခဲ့ရသည်။ ထို့ကြောင့် နေပြည်တော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဆက်လက် အယူခံ တက်ရာတွင် ထပ်မံပယ်ချခံခဲ့ရခြင်းဖြစ်သည်။

### စစ်တပ်မှ ခေါ်ဆောင်သွားသည့် ရသေ့တောင်နှင့် မြောက်ဦးမြို့နယ်တို့မှ ရွာသားများ ပြန်လည် လွတ်မြောက်လာ

စစ်တပ်မှ ခေါ်ဆောင်သွားခြင်းခံခဲ့ရသည့် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ စေတီပြင်၊ နေဗီဆိပ်၊ သာယာကုန်း ကျေးရွာများမှ ရွာသား ငါးဦးနှင့် မြောက်ဦးမြို့နယ်၊ ပေါက်တောပြင်ကျေးရွာမှ ရွာသား ၁၀ ဦးတို့ကို ပြန်လည် လွှတ်ပေးခဲ့သည်ဟု သိရှိရသည်။ ဇူလိုင်လ ၂၅ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ မေယုကမ်း၊ ချွတ်ပြင်ကျေးရွာနှင့် ပိတောက်မြို့ကျေးရွာ အကြား မိုင်းနှစ်လုံးပေါက်ကွဲခဲ့ပြီးနောက် ထိုအနီးတွင် လယ်ထွန်နေသည့် စေတီပြင်ကျေးရွာမှ မောင်ဆွေနွယ်၊ ကိုရဲလင်းနိုင်နှင့် ကိုဝင်းဝင်းထွန်း၊ နေဗီဆိပ်ကျေးရွာမှ မောင်သန်းလှိုင်နှင့် သာယာကုန်းကျေးရွာမှ ကျွဲကျောင်း နေသည့် လူငယ်တစ်ဦးတို့ကို လုံခြုံရေးဆောင်ရွက်နေ သည့် တပ်နှင့် ပူးပေါင်းစစ်ကြောင်းတစ်ခုမှ ခေါ်ဆောင် သွားခဲ့သည်။ ၎င်းတို့ကို လမ်းပြအဖြစ် ခေါ်ဆောင်ခဲ့ခြင်း ဖြစ်ပြီး ထိုနေ့တွင်ပင် ပြန်လည် လွှတ်ပေးခဲ့သည်။

ထို့ပြင် ဇူလိုင်လ ၂၆ ရက်နေ့တွင် မြောက်ဦးမြို့ အုတ်ဖိုကန်ကျေးရွာနှင့် ထမ္မရာဇ်ရပ်ကွက်တို့အကြားတွင် မိုင်းပေါက်ကွဲခဲ့ပြီး နောက် ပေါက်တောပြင်ကျေးရွာသား ၁၀ ဦး ခေါ်ဆောင်သွားခြင်းခံခဲ့ရသည်။ ထိုရွာသား ၁၀ ဦးသည် ပေါက်တောပြင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ကျော်ဝင်း၊ ဦးအောင်ကျော်ဖြူ၊ ဦးအောင်သန်းစိန်၊ ဦးငလုံးတင်၊ ဦးလှစံအောင်၊ ဦးမောင်န၊ ဦးမောင်သာစံ၊ ဦးညွန့်တင်၊ ဦးလုံးထွန်းသာနှင့် ဦးကြွင်းကျန်အောင် တို့ဖြစ်ကြသည်။ ၎င်းတို့ကို လမ်းပြအဖြစ် ခေါ်ဆောင် သွားခဲ့ခြင်းဖြစ်ပြီး ထိုနေ့တွင်ပင် ပြန်လည် လွှတ်ပေးခဲ့ သည်။

### နမ့်ဟူးတောင်းကျေးရွာအုပ်စုရှိ ရာအိမ်မှူး၊ ဆယ်အိမ်မှူး ၂၂ ဦး နှုတ်ထွက်စာတင်

ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကျောက်မဲမြို့နယ် နမ့်ဟူးတောင်းကျေးရွာအုပ်စုအတွင်းရှိ ရာအိမ်မှူး၊ ဆယ်အိမ်မှူး ၂၂ ဦးသည် မတရားအသင်း ဆက်သွယ်မှု အက်ဥပဒေ ပုဒ်မ ၁၇/၁ ဖြင့် တရားစွဲဆိုခြင်းခံရမည်ကို စိုးရိမ်သဖြင့် ဇူလိုင်လ ၂၃ ရက်နေ့ တွင် ကျောက်မဲမြို့၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ နှုတ်ထွက်စာ တင်ခဲ့သည်။ အဓိကအကြောင်းရင်းသည် ကျေးရွာများ တွင် အရပ်ဝတ်ဖြင့် ဝင်ထွက်သွားလာနေသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များမှ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများကို လိုအပ်သည့် အကူအညီများ ကူညီခိုင်းစေခြင်းများရှိပါက လုပ်ပေးနေ ရပြီး တပ်မတော်နှင့် အာဏာပိုင်များဘက်မှ သိရှိပါက တရားစွဲဆိုမည်ကို စိုးရိမ်ခြင်းကြောင့် ဖြစ်သည် ဟု ပြောကြားခဲ့သည်။ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးမှ နှုတ်ထွက်ခွင့် ပြုမပြု အကြောင်းပြန်ကြားခြင်း မရှိသေး သော်လည်း နှုတ်ထွက် စာတင်ထားသည့် ရာအိမ်မှူး၊ ဆယ်အိမ်မှူး ၂၂ ဦးလုံးမှ ခွင့်ပြုသည် ဖြစ်စေ၊ မပြုသည် ဖြစ်စေ တာဝန်များကို ဆက် လက် ထမ်းဆောင်မည် မဟုတ်ကြောင်း ပြောကြားခဲ့ကြသည်။

### ဘူးသီးတောင်မြို့နယ်တွင် တိုက်ပွဲကြောင့် အရပ်သား လေးဦး ကျည်ဆန်ထိမှန်၍ ဒဏ်ရာရ

ဇူလိုင်လ ၂၆ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ ညောင်းချောင်း နယ်ခြားစောင့် ရဲကင်းစခန်းကို ရက္ခိုင့်တပ်တော်(AA)မှ ဝင်ရောက် တိုက်ခိုက်ခဲ့သည့် တိုက်ပွဲတွင် အနီးပတ်ဝန်းကျင်ကျေးရွာ သုံးရွာမှ အရပ်သား သုံးဦးသည် ကျည်ဆန်ထိမှန်မှုကြောင့် ဒဏ်ရာရရှိသွားခဲ့သည်။ ဒဏ်ရာရရှိသူများမှာ သိမ်တောင်ကျေးရွာမှ အသက် ၁၈ နှစ်အရွယ် မိန်းကလေး မချာကူရာဘေဘီ၊ ညောင်းချောင်းကျေးရွာမှ အသက် ၂၀ နှစ်အရွယ် မောင်ကျော်စောထွန်း၊ ကာဒီပါရာကျေးရွာမှ အသက် ၇၅ နှစ်အရွယ် အဘွားအိုတစ်ဦးနှင့် အသက် ၁၈ နှစ်အရွယ် မိန်းကလေးငယ် တစ်ဦးတို့ဖြစ်သည်။

### နည်းဥပဒေပြဋ္ဌာန်းပြီးမှသာ မူးယစ်ဆေးသုံးသူများကို လူမှုရေးပြစ်ဒဏ် ချမှတ်နိုင်မည်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်ရေးဆွဲပြီးဖြစ်သော်လည်း နည်းဥပဒေ ရေးဆွဲပြဋ္ဌာန်းပြီးမှသာ မူးယစ်ဆေးဝါး သုံးစွဲသူများကို လူမှုရေးပြစ်ဒဏ်ချမှတ်ရန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူမှ ပြောကြားခဲ့သည်။ ဇူလိုင်လ ၂၉ ရက်နေ့တွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ရပ်စောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်မှ မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် လူမှုရေးပြစ်ဒဏ်အဖြစ် ချမှတ်သည့် ပြစ်ဒဏ်ပေးခြင်းကို နိုင်ငံတော် အစိုးရအနေဖြင့် လက်ရှိအချိန်တွင် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ရှိ၊မရှိ မေးမြန်းမှုကို ဗိုလ်ချုပ် အောင်သူမှ ပြန်လည် ဖြေကြားခဲ့ခြင်းဖြစ်သည်။

### ကျေးလက်ဒေသခံများအား တပ်မတော်မှ ရိုက်နှက်မှု ကျူးလွန်နေဆဲဟု SHRF ထုတ်ပြန်

ဇူလိုင်လ ၂၅ ရက်နေ့တွင် သျှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ဇူလိုင်လ ၆ ရက်နေ့၌ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့နယ်တွင် တပ်မတော် ခြေမြန်တပ်ရင်း ခမရ ၅၇၉ တပ်သားများမှ မိုင်းပျဉ်းမြို့နယ်၊ မိုင်းလျန်းကျေးရွာသား ဂျပေါ ဆိုသူကို စစ်ဆေးမေးမြန်းကာ ရိုက်နှက်မှုပြုခဲ့သည်ဟု ဖော်ပြထားသည်။ မိန်းလျန်းရွာသား ဂျပေါအား ရှမ်းစစ်သားများအတွက် ဆန်များဝယ်ပေးသည်ဟု စွပ်စွဲကာ ရိုက်နှက်ခဲ့ခြင်း ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။ ထို့ပြင် ကျေးရွာသားများ စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်များ၊ အိမ်မွေးတိရစ္ဆာန်များကို အတင်းအဓမ္မ ယူဆောင်မှုများ ရှိနေသည်ဟုလည်း ရေးသားဖော်ပြထားသည်။

### ကျည်စထိမှန်မှုကြောင့် ကျောက်တော်မြို့နယ်မှ အမျိုးသမီး တစ်ဦး ဒဏ်ရာရ

ဇူလိုင်လ ၃၀ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ လိပ်မကျေးရွာမှ မမြတ်မြတ်သွယ်သည် ၎င်း၏နေအိမ်၌ ထမင်းချက်နေစဉ် နေအိမ်ခြံဝင်းအတွင်း လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့သည့်အတွက် ကျည်စထိမှန်၍ ဒဏ်ရာ ရရှိသွားခဲ့သည်။ တပ်မတော် စစ်ကြောင်းတစ်ခုသည် ထိုရွာအနီးတွင် သေနတ်ပစ်ခတ်မှုများပြုလုပ်ခဲ့ကြောင်း၊ ယင်းနောက် ၎င်းကျေးရွာဘက်သို့ ပစ်ခတ်မှုများပြုလုပ်စဉ် မမြတ်မြတ်သွယ်ကို ကျည်စထိမှန်သွားခြင်းဖြစ်သည်ဟု သူမ၏ဖခင်ဖြစ်သူ ဦးအောင်လှစိုးမှ ပြောကြားခဲ့သည်။

### ကျောက်တော် မဟာမုနိဘုရားအနီး၌ တိုက်ပွဲဖြစ်၊ အမျိုးသား တစ်ဦးနှင့် အမျိုးသမီးငယ် တစ်ဦး ဒဏ်ရာရ

ဇူလိုင်လ ၃၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မဟာမုနိဘုရားအနီး၌ တိုက်ပွဲဖြစ်ပွားခဲ့ပြီး မဟာမုနိဘုရား ဂေါပကဥက္ကဋ္ဌဖြစ်သူ ဦးညိုသာလှ၏ မြေးမောင်ကျော်သက်ထွန်းနှင့် ဘုရားအနီးတွင် နေထိုင်သူ မအေးမြင့်တို့ နှစ်ဦးသည် ကျည်ထိမှန်၍ ဒဏ်ရာရရှိသွားခဲ့သည်။ ၎င်းတို့နှစ်ဦးကို ကျောက်တော်ဆေးရုံသို့ ပို့ဆောင်ထားသည်။

### ပလက်ဝမြို့နယ်မှ ကင်းတလင်းရွာသား ၅၄ ဦးကို ပြန်လည် အပ်နှံခဲ့ဟု AA ထုတ်ပြန်

ဇူလိုင်လ ၃၁ ရက်နေ့တွင် ရက္ခိုင့်တပ်မတော်(AA)မှ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကင်းတလင်းရွာမှ ရွာသူ၊ ရွာသား ၅၄ ဦးကို အုန်းသီးဝကျေးရွာရှိ ရပ်မိရပ်ဖများထံတွင် ပြန်လည် အပ်နှံခဲ့သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ မိုးတွင်းကာလ၌ အဆိုပါ ကင်းတလင်းရွာသူ၊ ရွာသားများသည် နေထိုင်ရေးအခက်အခဲရှိပြီး ၎င်းတို့၏ မူလနေရပ်တွင် ပြန်လည် အခြေချ နေထိုင်လိုသည်ဟု ပြောဆိုလာသောကြောင့် ၎င်းတို့ကို ပြန်လည် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ AA မှ ၎င်းတို့ကို တိုက်ပွဲအတွင်းမှ ကယ်ထုတ်ခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း ပြောဆိုထားသော်လည်း

ချင်းလူ့အခွင့်အရေးအဖွဲ့များမှ ဖမ်းဆီးခေါ်ဆောင်ခြင်း ခံရသည်ဟု စွပ်စွဲပြောဆိုထားသည်။ ဖွန်လ ၂၆ ရက်နေ့တွင် ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့သော ကင်းတလင်းရွာသား ၅၄ ဦးအနက် ၁၂ ဦးသည် ထွက်ပြေးလွတ်မြောက်လာခဲ့သည်။

- **လယ်ယာမြေအငြင်းပွားမှုများ**

## မြောက်ဦးမြို့နယ်တွင် တပ်မတော်မှ တားဆီးမှုကြောင့် လယ်သမားများ လယ်ထွန်ရန် အခက်ကြုံ

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ထိပ်ဝပြင်ကျေးရွာနှင့် ရုပ်ချောင်းကျေးရွာတို့တွင် လယ်ယာမြေများသို့ ထွန်ယက်စိုက်ပျိုးရန် သွားရောက်စဉ် တပ်မတော်မှ တားဆီးမှုများနှင့် သေနတ်ဖြင့် ပစ်ခတ်မှုများ ရှိနေခြင်းကြောင့် အချိန်မီစပါးစိုက်ပျိုးနိုင်ရန် ခက်ခဲနေသည်ဟု ဒေသခံ လယ်သမားများမှ ပြောကြားခဲ့သည်။ ထိပ်ဝပြင်ကျေးရွာနှင့် ရုပ်ချောင်းကျေးရွာတို့တွင် လယ်သမားဦးရေ ၉၀ ခန့်ရှိပြီး တပ်မတော်မှ တားဆီးပစ်ခတ်မှုများကြောင့် စပါးစိုက်ပျိုးခြင်းမပြုနိုင်သည့် လယ်ဧက ၇၀ ကျော်ခန့် ရှိသည့် အပြင် ၎င်းတို့ ပိုင်ဆိုင်သည့် ကျွဲနွားများကိုလည်း ထိန်းသိမ်းရန် အခက်အခဲများရှိနေကြသည်။

## တပ်သိမ်းမြေများပြန်လည်ရရှိရေးအတွက် ကရင်နီ တောင်သူများ အသံတိတ်ဆန္ဒထုတ်ဖော်

တပ်သိမ်း လယ်ယာမြေများကို ပြန်လည်ပေးအပ်ရန်၊ စိုက်ပျိုးခွင့်ပြုရန်နှင့် ဖမ်းဆီးထိန်းသိမ်းခြင်း ခံထားရသည့် တောင်သူများကို ပြန်လွှတ်ပေးရန်အတွက် ဒေသခံ တောင်သူများမှ ဇူလိုင်လ ၄ ရက်နေ့တွင် ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ်တွင် လည်းကောင်း၊ ဇူလိုင်လ ၈ ရက်နေ့တွင် ဖရူဆိုမြို့နယ်တွင်လည်းကောင်း အသံတိတ် ဆန္ဒ ထုတ်ဖော်ခဲ့သည်။ ထိုဆန္ဒထုတ်ဖော်ပွဲကို လက်ရှိ မြေယာပြဿနာနှင့်ရင်ဆိုင်နေရသည့် လွိုင်ကော်မြို့နယ်၊ ဒေါ်မူကလား ကျေးရွာနှင့် ဒီမောဆိုမြို့နယ်၊ ဒေါ်ဆိုရှေ့ကျေးရွာမှ တောင်သူများ ပါဝင်၍ ဆန္ဒထုတ်ဖော်ခဲ့သည်။

## ကျောက်တော်မြို့နယ်တွင် တပ်မတော်မှ လယ်သမားများကို ထွန်ယက်စိုက်ပျိုးခြင်းမပြုရန် တားမြစ်

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ပန်းဘဲချောင်းကျေးရွာတွင် တပ်မတော် ခြေမြန်တပ်ရင်း အမှတ် ၅၃၉ မှ လယ်သမားများအား ၎င်းတို့၏ မြေဧက ၃၀၀ ပေါ်တွင် ထွန်ယက်စိုက်ပျိုးခြင်းမပြုရန် တားမြစ်ခဲ့သည်။ လယ်သမားများမှ ထိုလယ်ယာမြေများပေါ်တွင် ထွန်ယက်စိုက်ပျိုးခွင့်ပြုရန် တောင်းဆိုခဲ့ကြသော်လည်း တပ်မတော်မှ "သူပုန်ရွာ" ဖြစ်ခြင်းကြောင့် ငြင်းဆိုခဲ့ခြင်း ဖြစ်သည်။ ထိုရွာမှ ဒေသခံအများစုသည် လယ်သမားများဖြစ်ကြပြီး ထွန်ယက်စိုက်ပျိုးခွင့် နှောင့်နှေးပါက စိုက်ပျိုးချေးငွေများ ပြန်လည် ပေးအပ်ရန် နှောင့်နှေးမည်ကို စိုးရိမ်နေကြပြီး ရိတ်သိမ်းရန် နှောင့်နှေးမည်ကိုလည်း စိုးရိမ်နေကြသည်။

## ရထားလမ်းဖောက်ရန် သိမ်းဆည်းခဲ့သည့် လယ်ယာမြေများအတွက် လျော်ကြေးပေးမည်

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကျေးရွာအုပ်စု (၁၁) အုပ်စုအတွက် စစ်တွေ-မင်းဘူးရထားလမ်းဖောက်လုပ်ရာတွင် လယ်ယာမြေသိမ်းဆည်းခြင်း ခံထားရသူများကို လျော်ကြေးငွေ ပေးရန် ငွေကျပ် (၆၀၂) သန်းကျော် ရရှိထားသည်ဟု ရခိုင်ပြည်နယ် ရထားလမ်း စီမံကိန်းမန်နေဂျာ ဦးဝင်းထွဋ်မှ ပြောကြားခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် စတင်ခဲ့သည့် အဆိုပါ ရထားလမ်း စီမံကိန်းကြောင့် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်နှင့် မြောက်ဦးမြို့နယ်တို့မှ လယ်ယာမြေများ သိမ်းဆည်းခြင်း ခံခဲ့ရသောကြောင့် လျော်ကြေးများရရှိရန် တောင်းဆိုခဲ့သည်။ ၎င်းလျော်ကြေးငွေများကို စက်တင်ဘာလ မတိုင်မီတွင် ပေးအပ်သွားမည်ဟု ဦးဝင်းထွဋ်မှ ပြောကြားခဲ့သည်။

## တပ်သိမ်း မြေယာများအတွက် နစ်နာကြေးပေးလျော်ရန် (သို့) စွန့်လွှတ်ရန် အစီစဉ် မရှိ

တပ်မတော်မှ သိမ်းဆည်းထားသည့် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ရွှေညောင်ပင်ကျေးရွာ ဒေသခံများ၏ မြေယာဧကများနှင့်ပတ်သက်ပြီး 'နစ်နာကြေးပေးရန်' သို့မဟုတ် 'ပြန်လည် စွန့်လွှတ်ရန်' သဘောထား မရှိကြောင်း မြို့နယ် အုပ်ချုပ်ရေးမှူးမှ ဒေသခံများအား ဇူလိုင်လ ၂၆ ရက်နေ့တွင် ပြန်လည်ပြောကြားခဲ့သည်။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (မပခ) မှ ပေးပို့လာသော သဘောထားပါရှိချက်အရ "၁၉၉၁ ခုနှစ်တွင် ခမရ (၃၂၁) တပ်ရင်းမှ တပ်မြေအဖြစ် သိမ်းယူခဲ့စဉ် ၎င်းမြေယာများမှာ မြေလွတ်မြေရိုင်း ဖြစ်နေသည့်အတွက် လျော်ကြေးအဖြစ် ပေးမည်မဟုတ်ကြောင်း" ဆိုထားသည်။ ရွှေညောင်ပင်ကျေးရွာကို ၁၉၈၄ ခုနှစ်မတိုင်မီတွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် ခမရ (၃၂၁) တပ်ရင်းမှ တပ်စခန်းအဖြစ် စတင်တည်ထောင်ခဲ့သည်ဟု သိရှိရသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် တရုတ်သစ်သျှူးငှက်ပျောစိုက်ပျိုးမှုများ ကျယ်ပြန့်လာပြီးနောက် ဒေသခံပြည်သူများ၏ သချိုင်းမြေနှင့် အိမ်ခြံမြေများကို တပ်မြေကျူးကျော်အဖြစ် တရားဝင်

သိမ်းယူလိုက်ခြင်းဖြစ်သည်ဟု ဒေသခံများမှ ပြောကြားခဲ့သည်။ ဒေသခံများတင်ပြတောင်းဆိုထားသည့်စာရင်းအရ တပ်သိမ်းဆည်းမြေအဖြစ် ကျေးရွာသချိုင်းမြေ ဧက (၈) ဧက၊ အိမ်ခြံမြေ (၁၀)ဧက၊ လယ်ယာမြေ (၄၅)ဧက နှင့် တောင်ယာမြေ (၄၆)ဧက ဖြစ်ကြောင်း သိရှိရသည်။ ထိုမြေယာပြဿနာကို ဖြေရှင်းပေးရန် ၂၀၁၇ ခုနှစ်မှ စတင်ပြီး မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်အစိုးရ အဆင့်ဆင့် ထံသို့ စာတင်ပြတောင်းဆိုခဲ့သည်သာမက ယခုနှစ် မတ်လ ၂၁ ရက်နေ့တွင် နိုင်ငံတော် သမ္မတထံကိုလည်း အိတ်ဖွင့်ပေးစာ ပေးပို့ခဲ့သည်ဟု ပြောကြားခဲ့သည်။

# အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links

## နိုင်ငံရေးအကျဉ်းသားများ

- ဖမ်းဆီးခံရခြင်းများ

**ဒေါ်ဆိုင်ရှေ့တောင်သူ သုံးဦးကို စစ်တပ်မှ ဖမ်းဆီး**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ BNI

**AA ပြောခွင့်ရပုဂ္ဂိုလ် ခိုင်သုခ၏ ယောက်ဖတော်စပ်သူအပါအဝင် လူသုံးဦးကို တပ်မတော် ဖမ်းဆီး**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ BNI

**တအာင်းလက်နက်ကိုင်အဖွဲ့ဝင် သုံးဦးကို ဖမ်းမိဟု တပ်မတော် ထုတ်ပြန်**
၂၁၀၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ မြန်မာနောင်း/မြန်မာ

**စက်ဘ်ပူမှ ပြန်ပို့ခြင်းခံခဲ့ရသည့် ရခိုင်အသင်း(စက်ဘ်ပူ)မှ ရခိုင်တိုင်းရင်းသား ခြောက်ဦးနှင့် အရပ်သား သုံးဦးကို ဖမ်းဆီး၊ အမှုဖွင့်**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ BNI
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ မဇ္ဈိမ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ ဗွီအိုအေ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ Myanmar Now/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ Frontier Myanmar
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ Reuters
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ DMG
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ BNI

**ပုဏ္ဏားကျွန်းမြို့နယ်မှ ဒေသခံနှစ်ဦးကို တပ်မတော်မှ ဖမ်းဆီးခေါ်ဆောင်သွား**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ BNI

**AA တပ်ဖွဲ့ဝင် နှစ်ဦးကို ကချင်ပြည်နယ်တွင် ဖမ်းဆီးရမိ**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ The Voice/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ BNI

**မင်းပြားမြို့နယ်၊ မြင်းကဆိပ်ကျေးရွာမှ အမျိုးသမီး ရှစ်ဦးနှင့် အမျိုးသား လေးဦးကို ထိန်းသိမ်း**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ နိရဉ္စရာ/မြန်မာ

**AA နှင့် ပတ်သက်ဆက်နွယ်သည်ဟုဆိုကာ အရပ်သား ၁၁ ဦးကို ဖမ်းဆီး၊ စစ်ဆေး**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ DMG
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ နိရဉ္စရာ

**RCSS အမာခံဆိုသူကို ဖမ်းဆီးစစ်ဆေးပြီး ရက်ပေါင်း၂၀ ခန့်ကြာမှ မူးယစ်ပုဒ်မဖြင့် အမှုဖွင့်**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ ရွှေတြိဂံဒေသ သတင်းလွှာ၏ လူမှုကွန်ရက်စာမျက်နှာ/မြန်မာ

- ပျောက်ဆုံးသွားခြင်းများ

RCSS အဖွဲ့ဝင်များ ဖမ်းဆီး ခေါ်ဆောင်သွားသော ရွာသား နှစ်ဦး ပျောက်ဆုံး
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ ဧရာဝတီ

- တရားစွဲဆိုခံရခြင်းများ

လူမှုကွန်ရက်တွင် ရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရေးသားသည့် အုပ်ချုပ်ရေးမှူးအား ၆၆(ဃ)ဖြင့် အမှုဖွင့်
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ The Voice/မြန်မာ

ဆဲဗင်း ဂျူလိုင် ချိတက်ခဲ့သူ ရှစ်ဦးကို ငြိမ်းစုစီဥပဒေ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ ဧရာဝတီ/မြန်မာ

ဒါရိုက်တာ မင်းထင်ကိုကိုကြီးကို နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် စွဲချက်တင် အမိန့်ချ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ Reuters
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ မဇ္ဈိမ

သိမ်းဆည်းမြေတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည့် တောင်သူများကို တပ်မှ တရားစွဲ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ The Voice/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ မြန်မာတိုင်းမ်

လွှတ်တော်အမတ်မှ ဒေသခံမဲဆန္ဒရှင်နှစ်ဦးကို အမှုဖွင့်
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ The Voice/မြန်မာ

ရွှေကျင် လွှတ်တော်ကိုယ်စားလှယ် နုတ်ထွက်ပေးရန် ဆန္ဒထုတ်ဖော်သူများကို အမှုဖွင့်
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ ဒီဗွီဘီ/မြန်မာ

INGO ဝန်ထမ်းတစ်ဦး သေနတ်နှင့် ပစ်ခတ်ခြင်းခံခဲ့ရပြီးနောက် အမှုဖွင့်ခြင်းခံရ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ မဇ္ဈိမ

ကျောက်ဖြူမှ လူငယ်တစ်ဦးကို အီလက်ထရောနစ်ဥပဒေဖြင့် တပ်မတော်မှ အမှုဖွင့်
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ DMG

- တရားရင်ဆိုင်ရခြင်းများ

အေအေနှင့်ဆက်နွယ်မှု သံသယဖြင့် ဖမ်းဆီးစစ်ဆေးခြင်းခံနေရသူ ၅၆ ဦးကို စစ်တွေတွင် ရုံးထုတ်
၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်၊ နိရဉ္စရာ

ရဲတပ်ဖွဲ့မှ တရားစွဲထားသည့် မနီလာသိန်းအပါအဝင် လေးဦးကို တရားရုံးမှ အာမခံပေး
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ ဧရာဝတီ

အောင်သပြေပြဇာတ်ပွဲဖြစ်စဉ်တွင် ပါဝင်သည်ဟုဆိုကာ ဖမ်းဆီးခြင်းခံထားရသော မောင်တူးဝေယံကို ကလေးသူငယ်တရားရုံးတွင် စစ်ဆေး၍ လူငယ်ထိန်းသိမ်းရေးကျောင်းတွင် ထိန်းသိမ်းရန် ဆုံးဖြတ်
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ The Voice/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ မြန်မာနောင်း/မြန်မာ

- ထောင်ဒဏ်ချမှတ်ခံရခြင်းများ

Myanmar Now အယ်ဒီတာချုပ် ကိုဆွေဝင်း၏အမှုကို မြို့နယ်တရားရုံးမှ ပလပ်
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ မြန်မာနောင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ မဇ္ဈိမ

ပြည်သူပိုင်လမ်းပေါ် ကျူးကျော်သည်ဟု စွပ်စွဲခြင်းခံရကာ တရားစွဲခြင်းခံခဲ့ရသော တောင်သူသုံးဦးကို အလုပ်နှင့် ထောင်ဒဏ် ၁၄ လချ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ မြန်မာနောင်း/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ မြန်မာတိုင်းမ်
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ BNI
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ မဇ္ဈိမ

**ပေါင်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကို ဝေဖန်ခဲ့သူအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်နှစ်ချမှတ်**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ The Voice/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ BNI

**AA နှင့်ဆက်နွယ်မှု သံသယဖြင့် အမှုရင်ဆိုင်ခဲ့ရသည့် ကျောက်တော်ဒေသခံတစ်ဦး ပြန်လည်လွတ်မြောက်**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ DMG
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ 7 Day Daily/မြန်မာ

**အောင်သပြေကျေးရွာသား တစ်ဦးကို ပုသိမ်ကြီးမြို့နယ်တရားရုံးမှ ထောင်ဒဏ် သုံးလ ချမှတ်**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ The Voice/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်၊ The Voice/မြန်မာ

**၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖျက်သိမ်းရေးနှင့် ပြည်ထဲရေးဝန်ကြီးကို အလိုမရှိကြောင်း ဆန္ဒထုတ်ဖော်ခဲ့သည့် MDCF အဖွဲ့ဝင်တစ်ဦးနှင့် ဝန်းရံသူ နှစ်ဦးကို ပြစ်ဒဏ် အသီးသီးချမှတ်**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ အီလဲဗင်း/မြန်မာ

**ဦးစိုင်နိုင်တကို တပ်မတော် တရားစွဲဆိုမှု တရားရုံးမှ ပယ်ချ**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ ဧရာဝတီ

**စစ်ဘေးဒုက္ခသည်များအတွက် အလှူခံသူ ရှစ်ဦးကို ပြစ်ဒဏ်ချမှတ်**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ BNI

**မတရားအသင်းဆက်သွယ်မှုပုဒ်မဖြင့် အမှုရင်ဆိုင်နေရသူ နှစ်ဦးကို စွဲချက်မတင်ဘဲ လွှတ်ပေးရန် အမိန့်ချမှတ်**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ နိရဉ္စရာ/မြန်မာ

- ထောင်တွင်းအခြေအနေများ

ရွှေဘိုအကျဉ်းထောင်တွင် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးရန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် အကြံပြု
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ 7 Day Daily/မြန်မာ

ရင်းငြိမ်ကုန်ထုတ်စခန်းမှ အကျဉ်းသား တစ်ဦး ကျောက်တောင်ပေါ်မှ ပြုတ်ကျသေဆုံး
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ 7 Day Daily/မြန်မာ

- ထောင်မှ လွတ်မြောက်မှုများ

စရဖတပ်ဖွဲ့ဝင်တစ်ဦး လုပ်ကြံခံရမှုတွင် သံသယဖြင့် ဖမ်းဆီးခြင်းခံထားရသော ရခိုင်လူငယ်သုံးဦးလွတ်မြောက်၊ တစ်ဦးကို စွဲချက်တင်
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ DMG

## နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများ နှင့် ဆန္ဒထုတ်ဖော်မှုများ

RCSS/SSA မှ မိုင်းပန် ဒေသခံ တစ်ဦးကို ဖမ်းဆီးထား
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ ဧရာဝတီ/မြန်မာ

မူးယစ်ရမ်းကားသူအား ရဲမှ ရိုက်နှက် ဖမ်းဆီးသဖြင့် သေဆုံး
၂၀၁၉  ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ ဧရာဝတီ/မြန်မာ

ဖမ်းဆီးစစ်ဆေးခြင်းခံရသည့် မြောက်ဦး ဒေသခံများအနက်မှ တစ်ဦးသေဆုံး
၂၀၁၉ ခုနှစ်၊ ဇွန်လ ၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၂ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၂ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၂ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၂ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၂ ရက်၊ BNI
၂၀၁၉ ခုနှစ်၊ ဇွန်လ ၂ ရက်၊ နိရဉ္စရာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၄ ရက်၊ မဇ္ဈိမ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၄  ရက်၊ Frontier Myanmar

ဘူးသီးတောင်မြို့နယ်၊ ကံပြင်ကျေးရွာသားများအား တပ်မတော်မှ ခေါ်ယူစစ်ဆေးနေ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ VOA/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ BNI

**AA မှ ဖမ်းဆီးထားသည့် လမ်းလုပ်သားများကို အဓမ္မခိုင်းစေမှုများရှိ**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ BNI/မြန်မာ

**"ရခိုင်တွေမှာလည်း အသက်နှင့်" ဆန္ဒပြပွဲ စီစဉ်သူများကို ရဲတပ်ဖွဲ့ ရှာဖွေ**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ BNI
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်၊ နိရဥ္စရာ/မြန်မာ

**AA မှ ဖမ်းဆီးထားသည့် ပလက်ဝ ဒေသခံ ၁၂ ဦး ထွက်ပြေး လွတ်မြောက်**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ The Voice/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ BNI

**တပ်မတော်ရေယာဉ်ပစ်ခတ်ခံရမှု သံသယဖြင့် ဖမ်းဆီးထားသူ ရှစ်ဦးကိုလွှတ်ပေး**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်၊ DMG

**မြေပုံမြို့နယ်တွင် ဒေသခံ ရွာသား နှစ်ဦး ပစ်သတ်ခံရ**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ မဇ္ဈိမ/မြန်မာ

**တပ်မတော်၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ကျောက်တန်းရွာသား တစ်ဦးသေဆုံး**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ BNI

**တပ်မတော်မှ ဖမ်းဆီးထားသော တအောင်းလူငယ် လေးဦး လွတ်မြောက်မှုမရှိသေး**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ဧရာဝတီ

**AA ခေါင်းဆောင်လေးဦးကို တရားခံပြေးအဖြစ် သတ်မှတ်ထား**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ မဇ္ဈိမ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ BNI
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ မဇ္ဈိမ

**အိုးဘိုထောင်တွင်း အောင်သပြေကျေးရွာသား သေဆုံးမှုကို လူသတ်မှုအဖြစ် ပြောင်းလဲ အမှုဖွင့်**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ The Voice/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ မြန်မာတိုင်းမ်
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ မြန်မာတိုင်းမ်

**ကွတ်ခိုင်မြို့နယ်တွင် မြေမြှုပ်မိုင်းပေါက်ကွဲ၍ လယ်သမား တစ်ဦး ဒဏ်ရာရ**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ ဧရာဝတီ

**ထိန်းသိမ်းစစ်ဆေးစဉ် သေဆုံးမှုတချို့နှင့်ပတ်သက်၍ တပ်မတော်မှ စုံစမ်းစစ်ဆေးနေ**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ ဧရာဝတီ

**အမျိုးသမီးရဲဘက်စခန်းများ ပိတ်ရန်စဉ်းစားသင့်ဟု မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဆို**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်၊ The Voice/မြန်မာ

**အကျဉ်းဦးစီးဌာနလက်အောက်တွင်ရှိသော ပြုပြင်ထိန်းသိမ်းရေး သင်တန်းကျောင်းသုံးခုရှိ ကလေးသူငယ်များ ရှေ့နေ မရှိဘဲ တရားရင်ဆိုင်နေရ**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ မြန်မာတိုင်းမ်

ကျောက်တော်တွင် အမျိုးသမီး တစ်ဦး မြေမြှုပ်မိုင်းနင်းမိ၍ ဒဏ်ရာရရှိ
၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ BNI

တိမ်ညိုရွာအနီးတွင် ပစ်ခတ်ခြင်းခံရ၍ ဒေသခံတစ်ဦး သေဆုံး
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ နိရဉ္စရာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ BNI

ရန်အောင်ပြင်ရွာမှ အမျိုးသမီး နှစ်ဦးကို စစ်တပ်မှ ဆက်လက်စစ်ဆေးနေ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ နိရဉ္စရာ/မြန်မာ

ဘူးသီးတောင်တွင် လူနေအိမ်ပေါ် လက်နက်ကြီး ကျည်ကျ၍ လူငယ်တစ်ဦးကျည်စထိမှန်
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ BNI

ရသေ့တောင်မြို့နယ်၊ ရန်အောင်ပြင်ကျေးရွာမှ ဆရာမတစ်ဦးကို တပ်မတော်မှ တစ်ရက်ကျော်ကြာ စစ်ဆေးပြီးနောက် ပြန်လွှတ်ပေး
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ DMG
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ BNI

ဒေါက်တာအေးမောင်တို့၏ အမှုအယူခံ လျှောက်ထားချက်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပလပ်
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ DMG

စစ်တပ်မှ ခေါ်ဆောင်သွားသည့် ရသေ့တောင်နှင့် မြောက်ဦးမြို့နယ်တို့မှ ရွာသားများ ပြန်လည် လွတ်မြောက်လာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ နိရဉ္စရာ/မြန်မာ

နမ့်ဟူးတောင်းကျေးရွာအုပ်စုရှိ ရာအိမ်မှူး၊ ဆယ်အိမ်မှူး ၂၂ ဦး နုတ်ထွက်စာတင်
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ ဧရာဝတီ

ဘူးသီးတောင်မြို့နယ်တွင် တိုက်ပွဲကြောင့် အရပ်သား လေးဦး ကျည်ဆန်ထိမှန်၍ ဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ DMG

နည်းဥပဒေပြဌာန်းပြီးမှသာ မူးယစ်ဆေးသုံးသူများကို လူမှုရေးပြစ်ဒဏ် ချမှတ်နိုင်မည်
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ မြန်မာတိုင်းမ်/မြန်မာ

ကျေးလက်ဒေသခံများအား တပ်မတော်မှ ရိုက်နှက်မှုကျူးလွန်နေဆဲဟု SHRF ထုတ်ပြန်
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့၊ BNI

ကျည်စထိမှန်မှုကြောင့် ကျောက်တော်မြို့နယ်မှ အမျိုးသမီးတစ်ဦး ဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ နိုရဋ္ဌရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ DMG

ကျောက်တော် မဟာမုနိဘုရားအနီး၌ တိုက်ပွဲဖြစ်၊ အမျိုးသား တစ်ဦးနှင့် အမျိုးသမီးငယ် တစ်ဦး ဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ နိုရဋ္ဌရာ/မြန်မာ

ပလက်ဝမြို့နယ်မှ ကင်းတလင်းရွာသား ၅၄ ဦးကို ပြန်လည် အပ်နှံခဲ့ဟု AA ထုတ်ပြန်
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ နိုရဋ္ဌရာ/မြန်မာ

- လယ်ယာမြေအငြင်းပွားမှုများ

မြောက်ဦးမြို့နယ်တွင် တပ်မတော်မှ တားဆီးမှုကြောင့် လယ်သမားများ လယ်ထွန်ရန် အခက်ကြုံ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ DMG/မြန်မာ

တပ်သိမ်းမြေများပြန်လည်ရရှိရေးအတွက် ကရင်နီတောင်သူများ အသံတိတ်ဆန္ဒထုတ်ဖော်
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ The Voice/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ BNI

ကျောက်တော်မြို့နယ်တွင် တပ်မတော်မှ လယ်သမားများကို ထွန်ယက်စိုက်ပျိုးခြင်းမပြုရန် တားမြစ်
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ BNI

ရထားလမ်းဖောက်ရန် သိမ်းဆည်းခဲ့သည့် လယ်ယာမြေများအတွက် လျော်ကြေးပေးမည်
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ DMG

**တပ်သိမ်း မြေယာများအတွက် နစ်နာကြေးပေးလျော်ရန် (သို့) စွန့်လွှတ်ရန် အစီစဉ် မရှိ**

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ BNI

**ဆက်သွယ်မေးမြန်းရန်**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**
**တိတ်နိုင်အတွင်းရေးမှူး +၉၅(၀) ၉၄၂ ၈၀၂ ၃၈၂၈**
**ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၉၅(၀) ၉၄၂ ၅၀၃ ၈၈၄၀**
**အောင်မျိုးကျော်ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၄၂၈ ၁၁၇ ၃၄၈**